ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့ (5-2-2013) (၇၃၇၇)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ
ပြည်သူ့ဘဏ္ဍာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘာ့ဘဏ်မှ International Finance Corporation (IFC) ၏ Executive Vice President နှင့် CEO Mr. Jin-Yong Cai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးလှထွန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်စွမ်းအားဆိုင်ရာ ကဏ္ဍများ၊ ပြည်သူ့ဘဏ္ဍာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အတွေ့အကြုံများ ပံ့ပိုးမျှဝေ ကူညီပေးသွားနိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့ဘဏ်မှ International Finance Corporation (IFC) ၏ Executive Vice President နှင့် CEO Mr. Jin-Yong Cai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)ဆွေးနွေးရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး
အချက်(၅)ချက်ပါ ပူးတွဲကြေညာချက်အား နှစ်ဖက်သဘောတူထုတ်ပြန်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဆွေးနွေးရေးအဖွဲ့တို့သည် ယနေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီ ၁၅ မိနစ်အထိ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တို့ ဦးစီး (၆)ဦး၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)ဆွေးနွေးရေးအဖွဲ့မှ ဦးဆွမ်လွတ်ဂမ်နှင့် ဗိုလ်ချုပ်ဂွမ်မော်တို့ ဦးစီး (၅)ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Luo Zhaohui ဦးစီး (၂)ဦး၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး၊ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)မှ ဗိုလ်မှူးချုပ် စိုင်းလူးဦးစီး (၃)ဦး၊ ဦးဟန်ညောင်ဝေနှင့် Victor Biak Lian တို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အချက်(၅)ချက်ပါ ပူးတွဲကြေညာချက်အား နှစ်ဖက်သဘောတူ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ဆွေးနွေးရေးအဖွဲ့တို့သည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ ၀၉:၀၀ အချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ ရွှေလီမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး ၁၆:၁၅ အချိန်တွင် ပြီးဆုံးခဲ့ပါသည်။

၂။ ယခုဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Luo Zhaohui၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၊ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းနှင့် အဖွဲ့ဝင် (၁) ဦး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS / SSA) မှ ဗိုလ်မှူးချုပ်စိုင်းလူးနှင့် အဖွဲ့ဝင်(၂) ဦး၊ ဦးဟန်ညောင်ဝေနှင့် ဦးဗစ်တာဗျက်လျန်တို့ သက်သေများအဖြစ် တက်ရောက်ခဲ့ကြပါသည်။

၃။ ယခုဆွေးနွေးပွဲတွင် နှစ်ဖက်ဆက်သွယ်ရေးလမ်းကြောင်း ထားရှိရေး၊ နှစ်ဖက်စစ်ရေးတင်းမာမှုများ လျှော့ချနိုင်ရေး၊ နောက်တစ်ကြိမ် အစည်းအဝေးအတွက် ပြင်ဆင်မှု၊ နောက်တစ်ကြိမ် ဆွေးနွေးပွဲတွင် လေ့လာသူများနှင့် သက်သေအဖြစ် ပါဝင်နိုင်မည့် အဖွဲ့အစည်းများအား ဖိတ်ခေါ်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

၄။ နောက်တစ်ကြိမ် ဆွေးနွေးပွဲကို KIO အဖွဲ့အစည်းအနေဖြင့် UNFC နှင့် ညှိနှိုင်းပြီးနောက် ဖေဖော်ဝါရီလမကုန်မီကျင်းပရန်နှင့် အစိုးရနှင့် KIO အကြား နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားကြရန် သဘောတူကြပါသည်။

၅။ အစိုးရနှင့် KIO အကြား ခိုင်မာသော စစ်ပြေငြိမ်းရေးကို အလျင်အမြန်အကောင်အထည်ဖော်နိုင်ရန် ပဋိပက္ခဖြစ်ပွားသောနေရာများကို လေ့လာစောင့်ကြည့်စိစစ်ရေးစနစ်ပေါ်ပေါက်ရန် ဆက်လက်ဆွေးနွေးဆောင်ရွက်ရန် သဘောတူညီသည်။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်။ ရွှေလီမြို့။

ကြေးမုံ စာတည်းရှေ့ထောင့် ၅-၂-၂၀၁၃၊ အင်္ဂါနေ့

ကာလ-အနုဂ္ဂဟိတဒါန

မြန်မာနိုင်ငံတွင် နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေလူတန်းစားများဖြစ်သည်။ ထိုကျေးလက်နေလူတန်းစားအများစုမှာ ဆင်းရဲသူများ ဖြစ်ကြသည်။ ယနေ့ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်မှ အလေးထားဆောင်ရွက်လျက်ရှိရာ အတိုင်းအတာတစ်ခုအထိ ဖြစ်မြောက်အောင် ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် နိုင်ငံတော်က အမှန်တကယ်လိုအပ်သူများကို ဖြည့်ဆည်းပေးလျက်ရှိသည်ဟု ကြားသိရသည်။ ဆင်းရဲနွမ်းပါးမှုပမာဏမှာ နိုင်ငံအတိုင်းအတာအရ ကြီးမားကျယ်ပြန့်လှသဖြင့် တစ်နှစ်ထက်တစ်နှစ် ရာခိုင်နှုန်းအားဖြင့် လျော့ပါးလာစေရန်သာ ရည်မှန်းဆောင်ရွက်နိုင်မည် ဖြစ်သည်။

သို့သော် ရည်မှန်းချက်အတိုင်း၊ ရည်မှန်းကာလအတိုင်း အောင်မြင်မှုရရှိနိုင်စေရန်အတွက်မူ အားလုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုအစီအစဉ်သည် မိမိနိုင်ငံနှင့် မိမိလူမျိုးအကျိုးအတွက် ရှေးရှုဆောင်ရွက်ခြင်းဖြစ်၍ မွန်မြတ်ကောင်းမွန်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။

လက်ရှိတွင် နိုင်ငံတော်နှင့်အတူ အဖွဲ့အစည်းများကလည်း ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရ၍ ဝမ်းမြောက်မိပါသည်။ ထို့ထက်မက ငွေကြေးဓနအင်အားတောင့်တင်းသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကပါ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုလျှင် ပိုမိုအောင်မြင်မည်ဟု ယုံကြည်ပါသည်။

မြန်မာလူမျိုးများ၏ ပင်ကိုစိတ်ထားမှာ သဒ္ဓါတရားထက်သန်သူများ၊ အလှူအတန်းရက်ရောသူများ ဖြစ်ကြပါသည်။ အလှူအတန်းများကိုလည်း မကြာခဏပြုတတ်ကြသူများဖြစ်ပါသည်။ ထိုသို့လှူတန်းမှုပြုကြရာတွင် လူမှုဘဝ၌ အခက်အခဲများရှိနေသူများအတွက် လှူဒါန်းမှုပြုခြင်းသည် အလွန်မွန်မြတ်လှပါသည်။

မြတ်စွာဘုရားရှင်လက်ထက်က အယုတ်အလတ်အမြတ်မရွေး လှူဒါန်းမှုပြုသော နန္ဒိယသူဌေးသား၏လှူဒါန်းမှုတို့မှာ အကျိုးများလှသဖြင့် အတုယူထိုက်ဖွယ်ဖြစ်ပါသည်။ သူဌေးသားသည် နေ့စဉ် ရဟန်းသံဃာတို့ကိုသာမက အယုတ်အလတ် အမြတ်မရွေး ခရီးသွားဧည့်သည်များနှင့် ဆင်းရဲသူ၊ တောင်းရမ်းစားသောက်သူများပါမကျန် လှူဒါန်းလေ့ရှိသဖြင့် အကျိုးထူးရခဲ့ပေသည်။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များအနေဖြင့် လှူဒါန်းမှုအမျိုးမျိုးရှိသည့်အနက် 'ကာလဒါန' ဟုခေါ်ဆိုသည့် အချိန်ကာလနှင့်လျော်ညီစွာ လိုအပ်သောအချိန်၊ လိုအပ်သောသူကို လိုအပ်သော ပစ္စည်းများလှူဒါန်းခြင်း ဖြစ်သည်။ ထိုသို့လှူဒါန်းရခြင်း အကျိုးအားကြောင့် မိမိတွင်လည်း အချိန်ကာလနှင့်လျော်ညီစွာ မိမိအလိုရှိအပ်သော ပစ္စည်းများကိုလည်း ပြန်လည်ရရှိတတ်လေသည်။

နောက်တစ်မျိုးမှာ အလှူခံပုဂ္ဂိုလ်အား ချီးမြှောက်လိုစိတ်ဖြင့် လှူဒါန်းခြင်းဖြစ်သည့် 'အနုဂ္ဂဟိတဒါန' ဖြစ်သည်။ ထိုသို့လှူဒါန်းရသော အကျိုးအားကြောင့် ဖြစ်လေရာဘဝတွင် ချမ်းသာကြီးခြင်း၊ ရရှိသောစည်းစိမ်ဥစ္စာတို့အပေါ်၌ ကျေနပ်စွာ သုံးစွဲနိုင်သည့်အကျိုးများ ရရှိတတ်လေသည်။

မိမိတို့နိုင်ငံသားအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပါသည်။ ယခုတလော လူမျိုးခြားသူဌေးကြီးများပင် ဆင်းရဲနွမ်းပါးသူများအပေါ် လှူဒါန်းမှုပြုကြပုံများမှာ အတုယူထိုက်ဖွယ်ဖြစ်သည်။ တောင်အာဖရိကနိုင်ငံမှ အချမ်းသာဆုံး လူမည်းသူဌေးကြီး ပက်ထရစ်က ၎င်းပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာ၏ထက်ဝက်ကို ဆင်းရဲသားတို့ လူမှုဘဝတိုးတက်စေရန်အတွက် လှူဒါန်းမည်ဟုဆိုသည်။

ထိုကဲ့သို့ လှူဒါန်းလိုစိတ်ဖြစ်ခဲ့ရသည်မှာ ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးနှစ်ဦးဖြစ်သည့် ဘီလ်ဂိတ် နှင့် ဝါရင်းဖတ်တို့က ၎င်းတို့ပိုင်ဆိုင်သည့် ဘီလီယံနှင့်ချီသော ငွေများကို စေတနာရှင်ကူညီကယ်ဆယ်ရေးအဖွဲ့များအား လှူဒါန်းမှုအစပြုရာ ကာလဒါန၊ အနုဂ္ဂဟိတဒါန ဟု ဆိုထိုက်ပါသည်။

ထို့ကြောင့် မိမိတို့နိုင်ငံရှိ သူဌေးကြီးများကလည်း ဖော်ပြပါသူဌေးကြီးများကဲ့သို့ ဥစ္စာများကို ဆင်းရဲနွမ်းပါးသူများ၊ အလှူခံထိုက်သူများအား ပါဝင်လှူဒါန်းခြင်းဖြင့် မိမိတို့လည်းအကျိုးထူးများရရှိပြီး မိမိနိုင်ငံသားများ ဆင်းရဲနွမ်းပါးသူများလည်း ကိုယ်စိတ်နှစ်ဖြာချမ်းသာမည်ဟု ယုံကြည်ပါသည်။ ။

သူ့အမြင် သူ့အတွေး စုစုငြိမ်း

ဂရုပြုသင့်သည့် အန္တရာယ်ဆိုး

ကျွန်မတို့မှီတင်းနေထိုင်သည့် မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ်တွင် ကိစ္စကြီးများမှသည် ကိစ္စငယ်များထိတိုင် တဖြည်းဖြည်း ကြိုးစားပြောင်းလဲနေကြသည်ကို တွေ့မြင်ရပါသည်။ လူတော်တော်များများသည် ကိစ္စကြီးများကိုသာ ထင်သာမြင်သာရှိပြီး အချို့အရေးကိစ္စများကို အသေးအဖွဲဟု ထင်ကာ လျစ်လျူရှုတတ်ကြပါသည်။ ကျွန်မအမြင်အရ မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွင် အားနည်းချက်များစွာရှိကြောင်း တွေ့ရပါသည်။

ကျွန်မတို့နိုင်ငံ၏ ဆေးဝါးမပြည့်စုံမှုနှင့် ပတ်ဝန်းကျင်သပ်ရပ်သန့်ရှင်းမှုနည်းပါး၍ မသေသင့်ဘဲ သေဆုံးကြရသည့် လူ့အသက်များစွာအတွက် ရည်ရွယ်ပါသည်။ ကျွန်မတို့နိုင်ငံတွင် မြို့ပြနေလူဦးရေနှင့် ကျေးလက်နေလူဦးရေကို နှိုင်းယှဉ်ပါက ကျေးလက်နေလူဦးရေက ပိုများပါသည်။ တိုးတက်မှု၊ သပ်ရပ်သန့်ရှင်းမှု၊ ဆေးဝါးပြည့်စုံမှုစသည့်အချက်များကို တိုင်းတာရာ၌ မြို့ပြများကိုသာ ကြည့်၍ မသုံးသပ်သင့်ပါ။ နယ်မြို့များနှင့် ကျေးရွာများ၏ လိုအပ်ချက်များကို ကြည့်၍သုံးသပ်သင့်ပါသည်။

ကျွန်မသည် ရန်ကုန်မြို့နှင့် တံတားတစ်စင်းသာခြားသည့် သန်လျင်မြို့တွင် နေထိုင်သူဖြစ်ပါသည်။ ကျွန်မတို့မြို့သည် အေးချမ်းသာယာလှပသော မြို့လေးတစ်မြို့ဖြစ်ပါသည်။ ကျွန်မတို့မြို့နယ်တွင် ကျေးရွာပေါင်း ၅၁ ရွာရှိပြီး မြို့ပေါ်ရပ်ကွက် ၁၇ ရပ်ကွက်ရှိပါသည်။ ယင်းကျေးရွာများမှ လူများသည် ကျွန်မတို့မြို့တွင်ရှိသည့် တစ်ခုတည်းသော ဆေးရုံကိုသာအားကိုးကြရပါသည်။ မြို့ပေါ်နေလူအချို့သာ ရန်ကုန်သို့သွား၍ ဆေးကုနိုင်ကြပြီး ဆင်းရဲသား လက်လုပ်လက်စားအများစုမှာ ၎င်းတို့၏အသက်များကို သန်လျင်ပြည်သူ့ဆေးရုံနှင့် အခမဲ့နာရေးဆေးခန်းတို့ကိုသာ အားကိုးနေရပါသည်။

အခုတလော ကျွန်မတို့မြို့မှာ အန္တရာယ်ဆိုးတစ်ရပ်နှင့် ရင်ဆိုင်နေရပါသည်။ ရာသီဥတုကလည်း မိုးကုန်ပြီး ဆောင်းကာလဖြစ်ခြင်း၊ မြေလွတ်၊ မြေရိုင်းများနှင့် ချုံများပေါ်များခြင်းတို့ကြောင့် အန္တရာယ်ရှိသော မြွေသတ္တဝါများကို နေရာတိုင်းတွင် အလွယ်တကူတွေ့နိုင်ပြီး လမ်းများ၊ ကျောင်းဝင်းများနှင့် လူနေအိမ်များအတွင်းသို့ ဥဒဟိုသွားလာနေကြပါသည်။ လွန်ခဲ့သောလနှင့် ယခုလအတွင်းပင် မြွေဆိုးကိုက်ခံရ၍ အသက်ဆုံးရှုံးသူလူငယ်များ သုံးလေးဦးခန့် ရှိခဲ့ပါသည်။ ကျွန်မသိသော မိန်းကလေး(တက္ကသိုလ်ကျောင်းသူ) တစ်ဦးဆိုလျှင် မြွေကိုက်ခံရ၍ ဆေးရုံသို့ အသွားလမ်းတွင်ပင် အသက်ဆုံးရှုံးခဲ့ရပါသည်။ အခြားကိုက်ခံရသူများမှာ အချိန်မီဆေးကုသမှုခံယူနိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအဖြစ်အပျက်များသည် ကျွန်မကြားသိရသော သတင်းများသာဖြစ်ပြီး ကျွန်မမသိသော အသက်ဆုံးရှုံးမှုများလည်း ကျေးရွာများတွင် ရှိနိုင်ပါသည်။

အခြားနိုင်ငံများတွင် အန္တရာယ်ရှိသောတိရစ္ဆာန်များကို နှိမ်နင်းနိုင်သည့် pests control အဖွဲ့များရှိကြောင်း သိရပါသည်။ အန္တရာယ်ပေးနိုင်သော ခွေးလေ၊ ခွေးလွင့်များ၊ မြွေဆိုးများ၊ ရောဂါများကို သယ်ဆောင်လာနိုင်သော ကြွက်များ အစရှိသည့် လူတို့၏အသက်ကို အန္တရာယ်ပြုနိုင်သည့် တိရစ္ဆာန်များကို ဖယ်ရှားရှင်းလင်းပေးနိုင်သည့် ယင်းကဲ့သို့ အဖွဲ့မျိုး ကျွန်မတို့နိုင်ငံတွင် အမှန်တကယ်လိုအပ်ပါသည်။ မြွေဆိပ်ဖြေဆေးနှင့် ခွေးရူးရောဂါကာကွယ်ဆေးများကို နယ်ဆေးရုံများတွင် အလုံအလောက်ထားရှိသင့်ပါသည်။ အထက်ပါ pests control ကဲ့သို့သော အဖွဲ့အစည်းများသည် ကျေးလက်နေပြည်သူများအတွက် အမှန်တကယ်လိုအပ်လှပါသည်။ ယင်းကိစ္စများကို အသေးအဖွဲ ကိစ္စများအဖြစ် မမှတ်ယူဘဲ အရေးကြီးကိစ္စအဖြစ် လွှတ်တော်တွင်ဆွေးနွေးကြသည်ကိုလည်း ကြားသိရပါသည်။ ပို၍အဆောတလျင် အရေးယူကိုင်တွယ် ဖြေရှင်းသင့်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့ရှိ ဒဂုံတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ Pukyong National University (PKNU) တို့ ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှွေက အမှာစကားပြောကြားပြီး PKNU ဥက္ကဋ္ဌ Dr. Yong Seup Kim က PKNU နှင့် စပ်လျဉ်း၍ မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှဌေးနှင့် PKNU ဥက္ကဋ္ဌ Dr. Yong Seup Kim တို့က နှစ်နိုင်ငံတက္ကသိုလ်ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါနားလည်မှုစာချွန်လွှာတွင် နှစ်နိုင်ငံတက္ကသိုလ်များအကြား သင်ကြားရေးနှင့်သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ထူးချွန်ပညာရှင်၊ သုတေသနပညာရှင်များ အပြန်အလှန်ဖလှယ်ခြင်း၊ စိတ်ဝင်စားမှုတူညီသော နယ်ပယ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ တက္ကသိုလ်ကျောင်းသားအချင်းချင်း ဖလှယ်သင်ကြားခြင်း၊ Academic Information နှင့် Publication များ ဖလှယ်ခြင်း၊ နှစ်ဖက်စလုံးအတွက် အကျိုးရှိစေမည့် သုတေသနနယ်ပယ်များတွင် ပူးပေါင်းကွင်းဆင်းလုပ်ဆောင်ခြင်းဆိုင်ရာ သဘောတူညီချက်များ ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဝအမောပြေ ❖❖ အမိန့်နာခံတတ်သူ ❖❖ စိန်ဘထွန်း-မင်းလွင်ကုန်း

ဘယ်သူဘာပြောပြော ဟုတ်ကဲ့ ဟုတ်ကဲ့ ကောင်းပါတယ် ခင်ဗျာဟု နှုတ်ကျိုးနေသော ကိုမင်းအား စက်ရုံမှူးမှ အလုပ်ခိုင်းရန်အတွက် ခေါ်ခိုင်းလိုက်ရာ

စက်ရုံမှူး ။ ။ ကိုမင်း. . .
ကိုမင်း ။ ။ ခင်ဗျာ. . . ဟုတ်ကဲ့ ဟုတ်ကဲ့။
စက်ရုံမှူး ။ ။ ခင်ဗျားကလည်းဘာမှမပြောရသေးဘူး ဟုတ်ကဲ့ ဟုတ်ကဲ့နဲ့။
ကိုမင်း ။ ။ ဟုတ်ကဲ့စက်ရုံမှူး ဟုတ်ကဲ့. . . ဟုတ်ကဲ့
စက်ရုံမှူး ။ ။ ခင်ဗျားကလည်း တစ်ဟုတ်ကဲ့ကဲ့နဲ့ ကျွန်တော့်ကို အရွဲ့တိုက်နေတာလား . . . ။
ကိုမင်း ။ ။ ဟုတ်ကဲ့ စက်ရုံမှူးဟုတ်ကဲ့ ဟုတ်ကဲ့။
စက်ရုံမှူး ။ ။ တော်ပါပြီဗျာ ခင်ဗျားကို ဘာမှမခိုင်းတော့ဘူး။
ကိုမင်း ။ ။ ဟုတ်ကဲ့ စက်ရုံမှူး ဟုတ်ကဲ့. . . ဟုတ်ကဲ့။ ထိုအခါ စက်ရုံမှူးမှ ဒေါသသံနှင့်
စက်ရုံမှူး ။ ။ ခင်ဗျား ဟုတ်ကဲ့ပျောက်မှ ကျုပ်ဆီကို လာခဲ့တော့ဗျာ. . . သွားတော့။
ကိုမင်း ။ ။ ဟုတ်ကဲ့ စက်ရုံမှူး ဟုတ်ကဲ့. . . ဟုတ်ကဲ့။ တစ်ပတ်ခန့်ကြာသော် စက်ရုံမှူးနှင့် ကိုမင်းတို့ အပြုံးကိုယ်စီနှင့် ပြန်တွေ့သောအခါ. . .
စက်ရုံမှူး ။ ။ ခင်ဗျား ဟုတ်ကဲ့ပျောက်ပြီလား. . . ။
ကိုမင်း ။ ။ ဟုတ်ကဲ့ စက်ရုံမှူး ပျောက်ပါပြီ ခင်ဗျား . . . ဟုတ်ကဲ့. . . ဟုတ်ကဲ့။ ထိုအခါ စက်ရုံမှူးမှ စိတ်ပျက်လက်ပျက် လေပူမှုတ်ထုတ်လျက်
စက်ရုံမှူး ။ ။ ခင်ဗျားကို ဘာမှခိုင်းလို့မရတော့ဘူး။ ကျုပ်သေသာသေလိုက်ချင်တော့တယ်ဗျာ. . . ။
ကိုမင်း ။ ။ ဟုတ်ကဲ့ ကောင်းပါတယ် စက်ရုံမှူး။
စက်ရုံမှူး ။ ။ (အသံနက်ကြီးနှင့်)ဟာဗျာ. . . ဟူသတည်း။

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း
၅-၂-၂၀၁၃ (အင်္ဂါနေ့)

၅း၀၀	"အပျော်ဆုံးလူ"တရားတော် (ဆရာတော်အရှင်အာစာရ လင်္ကာရ)
၁၀း၄၀	ဟင်းချက်ရအောင်
၄း၃၅	Activities In The City (လျှင်ပညာရပ်ဆိုင်ရာ ဟောပြောပွဲ)
၅း၂၀	Minute to Win It
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း - ၉၂)
၇း၁၀	တိုးတက်လာသော ဆေးပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှု (ဖန်ပြွန်သန္ဓေနည်းပညာနှင့် ချက်ကြိုးသွေးသိမ်းဆည်းခြင်း ဝန်ဆောင်မှု)
၇း၃၀	ဗီဒီယိုပြခန်း
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း - ၁၁)
၁၀း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာမှန်လျှင်" (အပိုင်း-၁၅)

ထူးချွန်
၂၀၁၃ တက္ကသိုလ်ဝင်တန်းဘာသာရပ်၊ အထောက်အကူပြုလျှာနယ်များ
မြန်မာစာ ဂျာနယ် ဓာတုဗေဒ ဂျာနယ်
အင်္ဂလိပ်စာ ဂျာနယ် ရူပဗေဒ ဂျာနယ်
သင်္ချာ ဂျာနယ် ဇီဝဗေဒ ဂျာနယ်
ဘောဂဗေဒ ဂျာနယ် ၄၁၀၇၁၀၁၁၃
ပြည့်ဝေကျော်စာပေ အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း (အထက်)၊ ရန်ကုန်တိုင်းဒေသကြီး။
01-385196, 09- 73025929

ခေတ်မီပြည့်စုံသော
လွယ်လွယ်ကူကူ အင်္ဂလိပ်စကားပြော
ဆရာဦးကြည်ရွှင်
အခြေခံမှစ၍ အဆင့်မြင့်အထိ အသုံးပြုနိုင်သော အင်္ဂလိပ်စကားပြော စာအုပ်ဖြစ်၍ အခန်းပေါင်း (၁၅)ခန်း၊ ခေါင်းစဉ်ခွဲပေါင်းမြောက်များစွာ ပါဝင်ပါသည်။ CD ခွေပါ ထည့်သွင်းထားပါသည်။
မဇ္ဈိမစာပေ-အမှတ်(၂၃၇)၊၃၉လမ်း(ထက်)၊ကျောက်တံတားမြို့နယ်။
ဖုန်း-၃၉၂၈၃၅၊၀၉၅၀၅၆၄၃၊၀၉၇၃၀၅၉၉၃၅

NATURAL BREEZE Travels & Tours
" Breeze Brings the Remembrance of Your Life......."
စင်္ကာပူ – မလေးရှား (၆ည ၇ရက်) Mar4/Apr12/Apr13
ဗန်ကောက်–ပတ္တရား (၄ည ၅ရက်) Mar2/Apr12/Apr13
ဗီယက်နမ်–ကမ္ဘောဒီးယား (၇ည ၈ရက်) Feb24/Apr13
ချင်းမိုင်–ချင်းရိုင်–ရွှေတြိဂံ (၄ည ၅ရက်) Mar10/Apr14
ဟောင်ကောင်–တရုတ်ပြည် (၇ည ၈ရက်) Apr11
ကိုရီးယား(ဂျယ်ဂျူ–ဘူဆန်–နာမီ–ဆိုးလ်း) (၈ည ၉ရက်) Apr14
01 500734,09 73 211441 , 09 73 211442
အမှတ် (၂၇၂) ၊ အခန်း(၇၀၄) နေလှိုင်တာဝါ ၊ ပြည်လမ်း ၊ မြေနီကုန်း ၊စမ်းချောင်းမြို့နယ်။
Email - naturalbreeze.travel@gmail.com

ပြည်တွင်းရေးရာ

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် Sustainable Development Initiatives Ltd. (SDI)တို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ တိုင်ဂပူရီ ဟိုတယ်၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ**(ယာပုံ)**က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လျက်ရှိပြီး ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရဖြစ်စေရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်း များ ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားဖြစ်စေသည့် အဂတိလိုက်စားမှုကိုလည်း တိုက်ဖျက်ဆောင်ရွက်လျက်ရှိ ကြောင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဥက္ကဋ္ဌ အဖြစ် ပါဝင်သည့် အဖွဲ့ဝင်ကိုးဦးပါ လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီကိုလည်း ၈-၁-၂၀၁၃ ရက်နေ့က ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် ယခုကဲ့သို့ မိမိတို့ဝန်ကြီးဌာနနှင့် SDI တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်း ပထမအကြိမ်အဖြစ် ဌာနမှ အဆင့်မြင့် အရာရှိကြီးများဖြင့်လည်းကောင်း၊ ဒုတိယ အကြိမ်အဖြစ် ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဒုတိယညွှန်ကြားရေးမှူး အဆင့်ရှိ အရာရှိကြီးများဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး ဖြစ်ကြောင်း၊ ယခုထပ်မံ၍ တတိယအကြိမ်အဖြစ် မြို့နယ် အသီးသီးမှ မြို့နယ်ဦးစီးဌာနမှူးများ၊ နယ်စပ်ဒေသနှင့် ရေဆိပ်၊ လေဆိပ်များတွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိများဖြင့် ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ တစ်ကြိမ်ပြီးတိုင်း အခြေအနေဆန်း စစ်လေ့လာသုံးသပ်ချက်များဖြင့် လုပ်ငန်းဆိုင်ရာစီမံချက် များ ရေးသားပြုစုလျက်ရှိပြီး အဂတိလိုက်စားမှု တားဆီး ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်များနှင့် ကိုယ်ပိုင် တွေးခေါ်မြော်မြင်မှုများပေါင်းစပ်ကာ လုပ်ငန်းများဆောင်ရွက် ရာ၌ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင် ကြရန်လိုကြောင်း၊ သို့မှသာ ဌာန၏ဂုဏ်၊ နိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်ပြီး ပြည်သူ့ဝန်ထမ်းအဖြစ် ပြည်သူကို အလုပ်အကျွေးပြုနိုင်မည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအခြေစိုက် SDI မှ Country Program Director Mr. John Rennie က အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အလုပ်ရုံဆွေးနွေး ပွဲ ကျင်းပဆောင်ရွက်ခဲ့မှုများနှင့် ဝန်ကြီးဌာနအပေါ် အကြံပြု ဆောင်ရွက်နိုင်ရေးအခြေအနေများကို ရှင်းလင်းပြောကြား သည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူ များသည် အလုပ်ရုံဆွေးနွေးပွဲ အထောက်အကူပြုအဖြစ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ သတင်း၊ ဆောင်းပါး၊ ကာတွန်းများဖြင့် နံရံကပ်စာစောင် ဆောင်ရွက် ထားရှိမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲအား Aus-Aid အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၄ ရက်မှ ၈ ရက်အထိ ငါးရက်ကြာ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

လက်ကားကုန်စည်ဒိုင်များဖွံ့ဖြိုးတိုးတက်မှုအလုပ်ရုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၄

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကကျသကဲ့သို့ လယ်ယာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်စည် Supply Chain ၌ သီးနှံ ဆိုင်ရာ လက်ကားကုန်စည်ဒိုင်များ၏ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေး ပါကြောင်း၊ ကုန်စည်ဒိုင်များအနေဖြင့် ကုန်သွယ်မှု ကုန်ပစ္စည်းအရည်အသွေး၊ တန်းဖိုးမြှင့်ထုတ်ကုန် (Value Added)၊ စံချိန်စံညွှန်း တိုးတက်ဖွံ့ဖြိုးရေး ကိစ္စရပ်များကို ယနေ့အလုပ်ရုံဆွေးနွေး ပွဲတွင် ညှိနှိုင်းဆွေးနွေးကြရန် တိုက်တွန်း လိုကြောင်း၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်း ဆောင်ရွက်ပြီးဖြစ်၍ ပြည်ပရင်းနှီး မြှုပ်နှံမှုလုပ်ငန်းရှင်များ ဝင်ရောက်လာ သည့်အခါ ပြည်တွင်းလုပ်ငန်းရှင်များ အနေဖြင့် ပိုမိုစည်းလုံး ညီညွတ်စွာဖြင့် ရေရှည်ခိုင်မာသော အဓိကအင်အား ဖြစ်စေရေးလိုအပ်ကြောင်း၊ အလုပ်ရုံ ဆွေးနွေးပွဲ၏ရလဒ်များသည် တောင်သူ လယ်သမားများ၏အကျိုး၊ ပြည်သူ များ၏အကျိုးတို့ကို ဖော်ဆောင်နိုင်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုကိုလည်း အထောက်အကူပြု ဖြည့် ဆည်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ယမန်နေ့ နံနက် ၉ နာရီ တွင် UMFCCI ပထမထပ် အစည်း အဝေးခန်းမ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ကျင်းပသော အဌမ အကြိမ် လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေး ပွဲတွင် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အမှာစကားပြောကြားကြပြီး ရန်ကုန် တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင် းဥက္ကဋ္ဌ ဦးအုန်းဆိုင်က ကြိုဆိုနှုတ်ခွန်း ဆက် စကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား 300 W TV.TX Transmitter (1 Set) ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လိုအပ်လျက်ရှိသော 300 W TV.TX Transmitter (1 Set) ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၅-၂-၂၀၁၃) ရက်နေ့မှစတင်၍ နံနက် (၉း၃၀)နာရီမှ ညနေ (၁၆း၃၀)နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော် (တပ်ကုန်း)တွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁၁-၂-၂၀၁၃) ရက်နေ့ (၉း၃၀)နာရီမှ ညနေ (၁၆း၃၀)နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါ များကို ထည့်သွင်းမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက် များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

၅။ ဈေးနှုန်းစိစစ်မှုကို (၁၄-၂-၂၀၁၃)ရက်နေ့ နံနက် (၉း၀၀)နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ် (၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန ဖုန်းအမှတ် ၀၆၇-၇၉၄၁၁၊ ၇၉၁၃၅

ရေဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပိုမိုပြိုကျ ပခုက္ကူမြို့အနောက်ဘက်ကမ်းခြေရွာများနှင့် ဒေသစိုက်ခင်းများ ဆုံးရှုံးမှုများလာ

ပခုက္ကူ ဖေဖော်ဝါရီ ၄

ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ပခုက္ကူမြို့နယ် မြစ်ကမ်းဘေးရှိ ကျေးရွာများနှင့် စိုက်ပျိုးမြေဧကများစွာ နှစ်စဉ်ဆုံးရှုံးမှုများပြားလာကြောင်း၊ မြစ်ကမ်းပါးပြိုမှုကြောင့် ရွာမြေနေရာ ရွှေ့ပြောင်းရမှုနှင့် သီးနှံစိုက်ပျိုးမှုများ အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း သိရသည်။

မြစ်ကမ်းဘေးကျေးရွာ ဖြစ်ကြသော ကုက္ကိုလှ၊ ကုက္ကိုကုန်း၊ သဘော်ကုန်း၊ စပယ်ကုန်း၊ အနောက်မြင်းကျွန်း၊ မရိုးကုန်း၊ သိမ်ကုန်း၊ ရွားတော၊ ထနောင်းကုန်း၊ ရာကျော်ခုံရွာများမှာ အဆိုးဆုံးအခြေအနေရောက်ရှိနေ သည်ဟု သိရသည်။ “ရွှေ့စရာမြေ လည်း မရှိ၊ စိုက်ပျိုးမြေကလည်းမြစ် ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုတော့ ပါသွားတယ်။ ပြီးတော့ ရွာပြောင်း နေရတာလည်း သုံးလေးခါလောက် ရှိနေပါပြီ” ဟု သိမ်ကုန်းရွာသား တစ်ဦးက ပြောသည်။ “ရွာရဲ့ ပင်မမူလ နေရာက သဘော်တွေခုတ်မောင်းတဲ့ နေရာပါ။ ကမ်းပါးပြိုတိုင်းရွှေ့ရွှေ့နေ ခဲ့ရလို့ ငွေအခက်အခဲ၊ မြေအခက် အခဲကြောင့် လေးမိုင်ခန့်ဝေးတဲ့ ပခုက္ကူမြို့ပေါ် ထိတက်ပြီး နေ့ချင်းပြန် အလုပ်လုပ်သွားနေရပါတယ်”ဟု မရိုး ကုန်း ရွာသားတစ်ဦးက ပြောသည်။ သိမ်ကုန်းကျေးရွာရှိ အရှည်ပေ ၉၀ ၊ အမြင့် ပေ ၃၀၊ ၁၁ ပင်၊ ၁၀ ခန်း နှစ်ထပ်ကျောင်းတော်ကြီး အရေး ကိုလည်း ဒေသခံများက စိုးရိမ်ပူပန် လျက်ရှိသည်ဟု သိရှိရသည်။ မြို့မှာ ထက်ရွာမှာက နေစရာမြေ၊ စိုက်ပျိုး စရာ မြေမရှိရင် ပိုဒုက္ခရောက်ကြောင်း ကို ဒေသခံများက ပြောသည်။

မြစ်ကမ်းပါးပြိုမှု ဒဏ်ခံနိုင်စေရန် ယခင်နှစ်က သိန်း ၃၀ ကျော် အကုန် အကျခံကာ ရေကာတစ်ခု ဆောက်လုပ် ခဲ့သော်လည်း အကျိုးမရှိ ဆုံးရှုံးခဲ့ ကြောင်း သိရသည်။

“ကျွန်တော်တို့ရွာတွေကို ဦးတိုက် နေတဲ့ ရေလမ်းကြောင်းကို ပြောင်းပေး ဖို့လိုအပ်ပါတယ်၊ ပခုက္ကူမြစ်ကြောင်း ကောင်းသွားရင် ကမ်းပါးပြိုတာတွေ သက်သာသွားမယ်လို့ ထင်ပါတယ်” ဟု အနောက်မြင်းကျွန်းရွာသား တစ်ဦး က ပြောသည်။ ပခုက္ကူမြို့အနီး တစ်လျှောက် ဖြတ်သန်းစီးဆင်းသော ဧရာဝတီမြစ်ရေသည် တပေါင်း၊ တန်ခူး လများတွင် ရေနည်းပါးလျက် သဲ သောင်များ အမြဲပေါ်ထွန်းလျက်ရှိပြီး ထိုသဲသောင်များကြောင့် လက်ပန် ခြေပေါ်ဘက်မှ စီးဆင်းလာသော မြစ်ရေသည် မရိုးကုန်း၊ သိမ်ကုန်း၊ ထနောင်းကုန်း စသော ကျေးရွာများကို ဦးတိုက်စုန်ဆင်းနေသောကြောင့် ဘေး ဒုက္ခများ ကြုံတွေ့နေရသည်ဟု သိရ သည်။ **(နေဦးမောင်-ပခုက္ကူ)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၄

ယနေ့ နံနက် ၇ နာရီ ၄၉ မိနစ် ၂၄ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၄၂၀ ခန့်ကွာဝေးသော မြန်မာ နိုင်ငံပြင်ပ (ကပ္ပလီကျွန်း၊ အိန္ဒိယနိုင်ငံ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာ စကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နန်းအိအိဇာတည်းဖြတ်ထုတ်ဝေသည့်

Wellness အနာမယ ✔ ကျန်းမာရေးနှင့် အလှအပ မဂ္ဂဇင်း

● ၂၀၁၂ အကောင်းဆုံးဆုရ အသားအရေ ထိန်းသိမ်းပစ္စည်းများ ● ခန္ဓာကိုယ် တိုင်းတာခြင်း နည်းလမ်းများ ● အသားအရေကြည်လင်ဝင်းပပြီး သွေးကြောကျဉ်းခြင်း၊ အဝလွန်ခြင်းကို ကာကွယ်ပေးမယ့် သီးစုံဖျော်ရည် ● စိတ်ကို ငြိမ်သက် အေးချမ်းစေမည့် ယောဂကျင့်စဉ်ကျမ်း ● ကိုယ်တိုင်ကုထုံးရဲ့လျှို့ဝှက်ချက်တွေ ● ထာဝရ နပျိုဆေး အလှမ်းမဝေးတော့ပြီ ● သားလေးနစ်ယောက်ကြောင့် ခွန်အားတွေ ဖြစ်စေတဲ့ ဒယ်ဒီဟဲလေး ● ရိုးရှင်းတဲ့ ဘဝပုံစံထဲက နန်းခင်ဇေယျာ ● လင်းလင်းနဲ့ချစ်သု ဝေတို့ရဲ့ အချစ်သံစဉ်လေးတွေနဲ့ စပ်ဆိုထားတဲ့ “မီးအိမ်ကဗျာ” ● ဇော်ဝင်းထွဋ်(သို့) လေးဆယ့်ကိုးနှစ်သား ရော့ခ်စတား၏ ဒဿနများ ● Hera Beauty & Spa မှ ချစ်စဖွယ် လက်သည်းဒီဇိုင်းနဲ့ ခိုင်သဇင်ယုဝါ ● လူငယ်ဆန်တဲ့ဟန်ကို ပေါ်လွင်စေ မယ့် Fancy House ရဲ့ Hair Style သစ် ● ပြီးပြည့်စုံသော ဖြေလျှော့ခြင်းနည်းလမ်း

အမှတ် – ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း – ၃၈၃၀၂၅၊ ၃၉၁၆၃၃

MYANMAR POLESTAR TRAVELS & TOURS

ဂျပန်နိုင်ငံသို့ အလည်တစ်ခေါက်

14.4.2013 မှ 22.4.2013 အထိ ၈ ညအိပ် ၉ ရက်နှစ်သစ်ကူးသင်္ကြန်အထူးခရီးစဉ်

ဂျပန်နိုင်ငံ၏ Tokyo-Nagoya-Shizuoka-Osaka-Kyoto မြို့များသို့ ပျော်ရွှင်စရာခရီးစဉ်များ

ဒီခရီးစဉ်လေးမှာ - Kamakura Great Buddha, Imperial Palace, Asakusa Kannon Temple, Tokyo Disneyland, Mt.Fuji, Lake Hakone, Aerial Rope-Way Ride, Golden Pavillion, Kiyomizu Temple, Universal Studio Japan, Nara Todaiji Tample, Yakushiji Temple, Shinsaibashi Shopping Arcade, Shopping at Shinjuku Metropolitan Observatory တို့ကို လည်ပတ်ရုံသာမက Myanmar Polestar Travels & Tours ကုမ္ပဏီမှ ဂျပန်နိုင်ငံ၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှုများနှင့် ပတ်သက်၍လည်း ခရီးသွားမိတ်ဆွေများကို စုံလင်စွာ မိတ်ဆက်ပေးသွားမှာ ဖြစ်ပါတယ်။

✔ ဂျပန်လူမျိုးများ ပျော်ရွှင်စွာဆင်နွှဲသည့် ရိုးရာယဉ်ကျေးမှုဓလေ့ဖြစ်တဲ့ Hanami ဆိုတာကိုသိပါသလား ?

✔ ဒီခရီးစဉ်မှာ Hanami ဆိုတာလေးကို မိတ်ဆက်ပေးမှာဖြစ်ပါတယ်

စင်ကာပူ၊ ရုရှား၊ ဗီယက်နမ် နှင့် ဥရောပ အထူးခရီးစဉ်များ

ခရီးနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို -

Room NO. 508, 5 Floor, La Pyae Wun Plaza, No.37, A Lan Pya Pagoda Road, Dagon Tsp, Yangon.

Ph : 01-255638, 370836-9 Ext : 508 တွင်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်သမ္မတ ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် တွေ့ဆုံဆွေးနွေး

လန်ဒန် ဖေဖော်ဝါရီ ၄

ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီတို့နှင့် ဗြိတိန်နိုင်ငံ လန်ဒန်တွင် ဖေဖော်ဝါရီ ၄ရက်က တွေ့ဆုံဆွေးနွေးသည်။

ဗြိတိန်၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် ခေါင်းဆောင်များ ထိပ်သီး ဆွေးနွေးပွဲကျင်းပခြင်းသည် တတိယ အကြိမ်ဖြစ်သည်။ အလားတူထိပ်သီး ဆွေးနွေးပွဲများကို လွန်ခဲ့သည့် ဇူလိုင်လတွင် မြို့တော် ကဘူး၌လည်းကောင်း၊ စက်တင်ဘာလတွင် နယူးယောက်မြို့၌ လည်းကောင်းကျင်းပခဲ့ပြီးဖြစ်သည်။

လန်ဒန်တွင် ယခုကျင်းပသော ထိပ်သီးဆွေးနွေးပွဲ၏ ထူးခြားချက်မှာ နိုင်ငံရေး ခေါင်းဆောင်များအပြင် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ စစ်ဘက်နှင့် ထောက်လှမ်းရေး ဆိုင်ရာ အထက်တန်းတာဝန်ရှိသူများ တက်ရောက်ကြခြင်းဖြစ်သည်။

ဒေသဆိုင်ရာ တည်ငြိမ်ရေးအတွက် အာဖဂန်နစ္စတန်နှင့်ပါကစ္စတန်ခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်ကြရန် ဗြိတိန်နိုင်ငံကလိုလားသည်။ လာမည့် နှစ်ကုန်ထက်နောက်မကျဘဲ အာဖဂန်နစ္စတန်နိုင်ငံမှ ပြည်ပတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာ ပြန်လည်ရုပ်သိမ်းရန် ပြင်ဆင်နေချိန်တွင် သုံးပွင့်ဆိုင်ထိပ်သီး ဆွေးနွေးပွဲကျင်းပခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ စစ်ရေးမစ်ရှင် လုပ်ငန်းတွင် ဗြိတိသျှ တပ်ဖွဲ့ဝင်များပါဝင်ပြီး တာလီဘန် စစ်သွေးကြွများကို ချေမှုန်းတိုက်ထုတ်လျက် ရှိသည်။ **ရိုက်တာ။**

လန်ဒန်သို့ ရောက်ရှိနေကြသော အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်သမ္မတတို့အား တွေ့ရစဉ်။

မာလာလာအား ဦးခေါင်းခွံဆိုင်ရာ ခွဲစိတ်ကုသမှု အောင်မြင်

လန်ဒန် ဖေဖော်ဝါရီ ၄

မိန်းကလေးများပညာသင်ယူခွင့်ရရှိရေးလှုပ်ရှားမှုအတွက် ပြစ်ဒဏ်ခတ်သည့်အနေဖြင့် တာလီဘန်စစ်သွေးကြွတို့၏ သေနတ်ဖြင့်ပစ်ခတ်ခြင်းကိုခံခဲ့ရသူ ပါကစ္စတန်ကျောင်းသူလေး မာလာလာယူဆက်ဇိုင်း၏ ဦးခေါင်းခွံဆိုင်ရာခွဲစိတ်ကုသမှုမှာ အောင်မြင်ကြောင်း ဗြိတိန်နိုင်ငံ ဘာမင်ဂမ်မြို့ရှိ ကွင်းအယ်လစ်ဇဘတ် ဆေးရုံက ဖေဖော်ဝါရီ ၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အသက် ၁၅ နှစ်အရွယ်ရှိ အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူ မာလာလာကို ဖေဖော်ဝါရီ ၂ ရက်က ခွဲစိတ်ကုသမှု နှစ်ကြိမ်တိုင် ပြုလုပ်ပေးခဲ့ကြောင်း၊ ၎င်း၏ ဦးခေါင်းခွံအတွင်းသို့ တိုက်တေနီယမ်သတ္တုပြား တွဲဆက်ပေးနိုင်ရန်လည်းကောင်း၊ ၎င်း၏ နားအတွင်း အီလက်ထရွန်နစ်ကိရိယာ တပ်ဆင်ပေးနိုင်ရန် လည်းကောင်း ခွဲစိတ်ကုသမှုများ ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဆေးရုံ၏ ကြေညာချက်တွင် ဖော်ပြသည်။

ရိုက်တာ။

စတဲလ်တိုက်လေယာဉ် အီရန်ထုတ်နိုင်ပြီ

တီဟီရန် ဖေဖော်ဝါရီ ၄

အီရန်နိုင်ငံက ပြည်တွင်း၌ထုတ်လုပ်သော ရေဒါရှောင်ကွင်းနိုင်စွမ်းရှိသည့် တိုက်လေယာဉ်တစ်စင်းကို လူသိရှင်ကြား ထုတ်ဖော်ပြသလိုက်ကြောင်း မကြာသေးမီက ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီရန်စစ်ဘက်က ၂၀၀၇ခုနှစ်၌ အဇာရာကတ်ချ်(လျှပ်စီး)ဟု အမည်ပေးထားသော တိုက်လေယာဉ်ကို ထုတ်လုပ်ပြီးနောက် ယခုတစ်ဖန် တစ်ယောက်စီး ကာဟာအက်ဖ် ၃၁၃ စတဲလ်တိုက်လေယာဉ်ကို ပုံစံရေးဆွဲထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

စစ်အင်အားတိုးလာ

နိုင်ငံပိုင်ရုပ်မြင်သံကြားမှ တီဟီရန်ရှိ လေယာဉ်သိုလှောင်ရုံအတွင်း ကျင်းပသည့် လေယာဉ်ဖွင့်ပွဲ အခမ်းအနား၌ သမ္မတအာမက်ဒနီဂျက်၏ စနေနေ့ မိန့်ခွန်းတစ်ရပ်တွင် ယင်းလေယာဉ်သည် ကမ္ဘာ့ခေတ်အမီဆုံး တိုက်လေယာဉ်များတွင် ပါဝင်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အီရန်နိုင်ငံ၏ စစ်အင်အားတိုးတက်လာခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ရုပ်မြင်သံကြားမှ သံမဏိရောင်လက်နေသည့် မီးခိုးရောင်ဂျက်တိုက်လေယာဉ်၏ ရုပ်ပုံများကို ထုတ်လွှင့်ပြသပြီး အီရန်ကာကွယ်ရေးဝန်ကြီး အာမက်ဗာဟီဒီက ယင်းလေယာဉ်ကိုခေတ်မီပစ္စည်းများဖြင့် တည်ဆောက်ထားသည်ဟုဆိုသည်။

ဘီဘီစီ။

အီရန်နိုင်ငံက ပြည်တွင်းထုတ် စတဲလ်တိုက်လေယာဉ်ကို ပြသထားစဉ်။

ဆီးရီးယား မတည်မငြိမ်ဖြစ်ရန် အစ္စရေးက ကြိုးစားလျက်ရှိသည်ဟု အာဆတ်စွပ်စွဲ

ဒမတ်စကတ် ဖေဖော်ဝါရီ ၄

ဆီးရီးယားသမ္မတ ဘာရှာအာဆတ်က ၎င်း၏နိုင်ငံကို အစ္စရေးက မတည်မငြိမ်ဖြစ်ရန် ကြိုးစားနေသည်ဟု စွပ်စွဲပြောဆိုလိုက်ကြောင်း တနင်္ဂနွေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

သတင်းများအရ လွန်ခဲ့သည့်သီတင်းပတ်တွင် အစ္စရေးက ဆီးရီးယားနိုင်ငံအတွင်း လေကြောင်းမှတိုက်ခိုက်ခဲ့မှုပြုလုပ်ခဲ့ပြီးသည့်နောက် ပထမဆုံးအကြိမ်အဖြစ် အာဆတ်က ယင်းကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။

လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့(ဇန်နဝါရီ ၃၀)က ဂျန်ရာယာရှိ စစ်ဘက်ဆိုင်ရာ ဗဟိုသုတေသနကို အစ္စရေးဂျက်လေယာဉ်များက တိုက်ခိုက်သည့်ပုံများကို ဆီးရီးယားရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။

လက်ဘနွန်နိုင်ငံသို့ ပို့ဆောင်မည့်လက်နက်တင် မော်တော်ယာဉ်တန်းကို လေကြောင်းမှတိုက်ခိုက်ခြင်းဖြစ်သည်ဟု အမေရိကန်တာဝန်ရှိသူများကပြောပြီး အစ္စရေးကာကွယ်ရေးဝန်ကြီးကလည်း ၎င်းတို့နိုင်ငံတွင် တာဝန်ရှိကြောင်း ဂျာမနီနိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာသံတမန်များနှင့် ကာကွယ်ရေးအရာရှိများတက်ရောက်သော လုံခြုံရေးညီလာခံတွင် အရိပ်အမြွက် ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံကို အင်အားချည့်နဲ့သွားစေရန်နှင့် မတည်မငြိမ်ဖြစ်စေရန် ဆီးရီးယားမြေပေါ်၌ အစ္စရေးအေးဂျင့်များနှင့် နိုင်ငံခြားတပ်ဖွဲ့များ ပူးပေါင်းလုပ်ဆောင်လျက်ရှိရာ ဗုဒ္ဓဟူးနေ့ကျူးကျော်တိုက်ခိုက်မှုက အစ္စရေးနိုင်ငံ၏အခန်းကဏ္ဍကို ဖွင့်ဟပြလိုက်ခြင်းဖြစ်သည်ဟု သမ္မတ အာဆတ်က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ **ဘီဘီစီ။**

NEW MOTION Travels & Tours
ရွှေလျှားသစ်လွင် ခရီးစဉ်
" အနားယူအပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည် "
✡ ပုဂံခရီးစဉ် - Feb; 8, 22
✡ အလောင်းတော်ကဿပ - Feb; 8, 22 ✡ တောင်ကြီး - Feb; 22
✡ ရွှေစက်တော် - Feb; 15, 22 ✡ မော်လမြိုင် - Feb; 22
အမှတ် (၁၆) ၊ ကျွန်းတောလမ်း ၊ စမ်းချောင်းမြို့နယ် ။
527 922, 538 811, 09-731 48922, 09-731 48848

BEC INTERNATIONAL
SUMMER ENGLISH PROGRAM
မတ်လ(၁၈) ရက်နေ့ ဖွင့်မည်
ကျောင်းကား ကြို/ပို့ အစီအစဉ်ရှိပါသည်။
အမှတ်(၆၂)ဘီ၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်
PH : 01-241939, 09 5000698

Shine Construction Co.,Ltd.
(Member of Shine Group of Companies)
၁။ အောက်ဖော်ပြပါလုပ်ငန်းများအတွက် ကျွမ်းကျင် Sub ကန်ထရိုက်တာ၊ကုမ္ပဏီ၊အဖွဲ့အစည်းများအလိုရှိသည်။
(က) Ceiling လုပ်ငန်း
(ခ) Cabinet လုပ်ငန်း
၂။ လျှောက်လွှာများကို (၁၁ - ၂ - ၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။
အထက်ဖော်ပြပါ လုပ်ငန်းများအား လုပ်ကိုင်ရန် လျှောက်ထားလိုသူများသည် မိမိတို့လုပ်ငန်းနှင့်ပတ်သက်ပြီးပစ္စည်း၊လက်ခစျေးနှုန်း (သို့) လက်ခစျေးနှုန်းများကို ဖော်ပြပါ အချက်များနှင့်အတူ ဓာတ်ပုံ (၂)ပုံ ၊မှတ်ပုံတင်မိတ္တူ၊ ထောက်ခံစာနှင့်တကွ ကြော်ငြာပါသည့်နေ့မှ စ၍တစ်ပတ်အတွင်းလူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ -
အမှတ်(၂၉)၊မြေညီထပ်၊ ဂျိုးဖြူလမ်း၊ ဂျိုးဖြူကွန်ဒို၊မင်္ဂလာတောင်ညွန့်မြို့နယ်။(အောင်ဆန်းကွင်းအထူးတန်းရှေ့)
Tel:951-243647,385341~2,Ext:202,207

OD TOUR
Since 1997
သင်္ကြန်တွင်း ခရီးစဉ်များအတွက်ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။
ဘန်ကောက်၊အယုဒ္ဒယ၊ပတ္တရား Feb 9,10,28...
ဖူးခက်ကမ်းခြေ သီးသန့်ခရီးစဉ် Feb 10,28...
ချင်းမိုင်၊မယ်ဆိုင်၊ရွှေတြိဂံ Feb 10,28...
စင်္ကာပူ၊မလေးရှား Feb 10,28...
အိန္ဒိယ၊နီပေါ Feb 22, Mar 25
ကမ္ဘောဒီးယား Feb 9, Mar 2
ကမ္ဘောဒီးယား၊ဗီယက်နမ် Feb 28, Mar...
ဗီယက်နမ်၊ကိုရီးယား၊ဂျပန် ....
ပုဂံ၊ပုပ္ပါး၊ပခုက္ကူ(သီဟိုဠ်ရှင်)
အလောင်းတော်ကဿပ
မော်လမြိုင်၊ကျိုက်ထီးရိုး
အင်းလေး၊တောင်ကြီး၊ထန့်စမ်း
Feb 9/10/28 Mar 1/23/24
မန်းရွှေစက်တော်နှင့် လမ်းဘုရားစုံ
ထားဝယ်၊ရှင်ကိုးရှင် Feb 28/Mar...
ချောင်းသာ၊ငွေဆောင်၊ကျိုက်ထီးရိုး (နေ့စဉ်)
"ကုမ္ပဏီ၊ကျောင်း အဖွဲ့အစည်းများအတွက် စိတ်ကြိုက်ခရီးစဉ်စီစဉ်ပေးပါသည်။"
အမှတ်(၅၃)၊ကျွန်းတောလမ်း၊စမ်းချောင်း၊ရန်ကုန် ဖုန်း 01-536855, 526349, 504808, 523187
095108087, 095187045, 0973022688

နိုင်ငံတကာသတင်း

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

ခုနစ်နှစ်အရွယ်သမီး မိခင်၏ကားကို မောင်းပြေး

ဖေဖော်ဝါရီ ၃ ရက်နံနက်ပိုင်းက အသက်(၇)နှစ်အရွယ် မိန်းကလေးတစ်ဦးသည် သူမမိခင်၏ကားကို မိခင်ဖြစ်သူ မသိအောင် မိုင်ဝက်ခန့် မောင်းနှင်ခဲ့ရာ လမ်းပေါ်ရှိကားများစွာကို တိုက်မိခဲ့ကြောင်း ပစ်တ်စဘာ့ဂ် ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။ မိခင်ဖြစ်သူက သူမ၏ သမီး ကားကိုမောင်းနှင်ထွက်သွားသည်ကို သိရှိပြီးနောက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၁ မိနစ်ခန့်က အရေးပေါ်အကူအညီတောင်းခံခဲ့ကြောင်း၊ အဆိုပါ ကလေးမသည် ကားကိုမောင်းနှင်၍ သူမ၏ဖခင်ရှိရာထံ သွားရောက်ရန် စီစဉ်ထားပုံရကြောင်း၊ သို့သော် ကားများစွာကိုတိုက်မိပြီးနောက် မိုင်ဝက်ခန့်တွင် ရပ်တန့်သွားခဲ့ကြောင်း၊ ကားတိုက်မှုဖြစ်စဉ်များတွင် တစ်ဦးတစ်ယောက်မျှ ဒဏ်ရာမရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

ဒုတိယကမ္ဘာစစ်က ကင်းထောက်လေယာဉ် လေလံတင်ရောင်းချ

ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘက်ဆိုင်ရာလေယာဉ်အဖြစ်အသုံးပြုခဲ့သော လေယာဉ်တစ်စင်းကို ကယ်လီဖိုးနီးယားပြည်နယ်၌ လေလံတင်ရောင်းချလျက်ရှိရာ ကြည့်ရှုလေ့လာသူများပြားလျက်ရှိကြောင်း သိရသည်။ အဆိုပါ လေယာဉ်ကိုရှေးဟောင်းပစ္စည်းစုဆောင်းမှုကို ဝါသနာထုံသူ ဝီလီယမ်ဂျီဆိုင်မွန်က ၁၉၆၂ ခုနှစ်အတွင်းက ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဆိုင်မွန်မှာ ကျန်းမာရေးဆိုင်ရာပြဿနာများကြောင့် လေယာဉ် မောင်းနှင်နိုင်ခြင်းမရှိတော့သဖြင့် ယခုလိုလေလံတင်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။ Taylorcraft L-2 အမျိုးအစားဖြစ်ပြီး တစ်နာရီလျှင် ၉၃ မိုင်တာသာ ပျံနိုင်ပြီး အမြင့်မှာလည်း ပေ ၁၀၀၀၀ ထိသာပျံသန်းနိုင်၍ ကင်းထောက်လေယာဉ်အဖြစ်သာ အသုံးပြုခဲ့ကြသည်ဆို၏။ လေလံကြမ်းခင်းဈေးမှာ ဒေါ်လာ ၂၂၀၀၀ ဖြစ်ပြီး ယခုအချိန်အထိ ပိုင်ရှင်သစ်မပေါ်ထွက်သေးကြောင်း သိရသည်။

လုပ်ငန်းခွင်၌အိပ်ပျော်နေသော ရုရှားတရားသူကြီးရာထူးမှနုတ်ထွက်

တရားရုံးတစ်ခု၌ ပြစ်မှုကြားနာနေစဉ်အတောအတွင်း အိပ်ပျော်နေခဲ့သည့် တရားသူကြီးတစ်ဦး၏ ဗီဒီယိုဖိုင်တစ်ခု ထွက်ရှိလာပြီးနောက် အဆိုပါ တရားသူကြီးသည် ရာထူးမှနုတ်ထွက်ခဲ့ကြောင်း ရုရှားသတင်းဌာနများက ဆိုသည်။ ယင်းဗီဒီယိုသည် ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းက တရားရေးရာ အခန်းတွင်း၌ မစ္စတာမက်ခ်နိုအမည်ရှိ တရားသူကြီးတစ်ဦး မျက်လုံးများ ပိတ်ကာ ဦးခေါင်းဘေးတစ်ဖက်စောင်းလျက် အိပ်ပျော်နေပုံကို ရိုက်ကူးထားခြင်းဖြစ်သည်။ ယင်းအပြင် အခြားဗီဒီယိုဖိုင်တစ်ခုတွင် မစ္စတာမက်ခ်နို၏ ခေါင်းငိုက်စိုက်ကျလျက်ထိုင်နေသည့် အနေအထားကို ရိုက်ကူးထားသည်။ သို့သော် ဘလာဂိုမက်ချန့်ခ်မြို့တရားရုံး၏အဆိုအရ ဗီဒီယိုထဲမှ ပုဂ္ဂိုလ်မှာ မစ္စတာမက်ခ်နိုဖြစ်သည် မှန်သော်လည်း ပြစ်မှုကြားနာနေသည့်လက္ခဏာ တစ်စုံတစ်ရာမတွေ့ရှိခဲ့ကြောင်း သိရသည်။

နှစ် ၄၀၀၀ ရှိ မံမီရုပ်လောင်း 3D နည်းပညာဖြင့် Scan ဖတ်

ဗာဂျီးနီးယားပြတိုက်တစ်ခုသည် အီဂျစ်မံမီရုပ်လောင်းများ၏ ကနဦး အသက်ရှင်နေထိုင်မှု နောက်ကြောင်းရာဇဝင်ကို သိရှိနိုင်ရန် နောက်ဆုံးပေါ် နည်းပညာများ အသုံးပြုလုပ်ဆောင်လျက်ရှိသည်။ The Virginia Musseum of Fine Arts အမည်ရှိ အဆိုပါပြတိုက်မှ တာဝန်ရှိသူများသည် (Tjeby) အမည်ရှိ သက်တမ်း ၄၀၀၀ ခန့်အကြာက မံမီရုပ်လောင်းကို ဆေးဘက်ဆိုင်ရာ စင်တာတစ်ခုနှင့် ပူးပေါင်း၍ CT Scan ဖတ်ခြင်းကို လုပ်ဆောင်ခဲ့ကြသည်။ ယင်းသို့ လုပ်ဆောင်ရခြင်းမှာ မံမီရုပ်လောင်းတို့ ဖြစ်တည်မှုသမိုင်းကြောင်းကို လွယ်ကူရိုးရှင်းစွာသိရှိရန်နှင့် ယင်းမှရရှိသော သတင်းအချက်အလက်များကို 3D နည်းပညာဖြင့် ပေါင်းစပ်ကာ ၁၉၅၃ ခုနှစ်ကတည်းက ပျောက်ကွယ်ခဲ့ရသည့် ယင်းမံမီရုပ်လောင်း၏ မျက်နှာကို ပြန်လည်တည်ဆောက်ရန် ရည်ရွယ်ကြောင်း ပြတိုက်တာဝန်ရှိသူများက ဆိုသည်။ အဆိုပါ မံမီရုပ်လောင်းကို အီဂျစ်နိုင်ငံ အထက်ပိုင်းရှိ ရှိတ်ဖာ ရတ်ဂ်တွင် ကျောက်ခေါင်းတလားဖြင့် ၁၉၂၃ ခုနှစ်က မြှုပ်နှံထိန်းသိမ်းထားခဲ့ကြောင်း သိရသည်။

ဟိန်းထက်လင်း

ပလတ်စတစ်ဖြင့် မျက်နှာခွဲစိတ်အလှပြုပြင်မှုတွင် တောင်ကိုရီးယားနိုင်ငံ ထိပ်ဆုံးမှရပ်တည်

အောင်မိုးစိုး

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် ပလတ်စတစ်ဖြင့် မျက်နှာခွဲစိတ်အလှပြုပြင်မှု အများဆုံးနိုင်ငံဖြစ်ကြောင်း လေ့လာမှုအသစ်တစ်ခုတွင် ဖော်ပြထားသည်။ တောင်ကိုရီးယားနိုင်ငံတွင် ပလတ်စတစ်ဆာဂျရီပြုလုပ်မှုမှာ ပိုမိုခေတ်စားလာလျက်ရှိပြီး လူ ၇၇ ဦးလျှင် တစ်ဦးနှုန်း မျက်နှာခွဲစိတ် ပြုပြင်ထားကြောင်း ယင်းလေ့လာချက်တွင် ဖော်ပြထားသည်။

ကိုရီးယားအလှမယ် ကင်မ်ယူမီ။

အပြည်ပြည်ဆိုင်ရာ ပလတ်စတစ်ဆာဂျရီခွဲစိတ်ကုသမှု ဆရာဝန်များအဖွဲ့က လေ့လာပြုစုခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ပလတ်စတစ်ဆာဂျရီနည်းဖြင့် မျက်နှာခွဲစိတ်အလှပြုပြင်ခဲ့သူ ၁၅ သန်းရှိခဲ့ရာ တောင်ကိုရီးယားနိုင်ငံတွင် ပလတ်စတစ်ဖြင့် မျက်နှာခွဲစိတ်အလှပြုပြင်မှုလုပ်ငန်းမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး လွန်ခဲ့သည့်နှစ်အတွင်း ဆိုးလ်မြို့တော်၌ အသက် (၁၉)နှစ်မှ (၄၉)နှစ်ကြားရှိ အမျိုးသမီး ၂၀ ရာခိုင်နှုန်းက ၎င်းတို့သည် ပလတ်စတစ်ဆာဂျရီနည်းဖြင့် မျက်နှာခွဲစိတ်ပြုပြင်ထားကြောင်း ဝန်ခံခဲ့ကြသည်။

မျက်နှာခွဲစိတ်ပြုပြင်မှုလုပ်ငန်းများ အနက် တောင်ကိုရီးယားနိုင်ငံ၌ အများဆုံး ခွဲစိတ်ပြုပြင်ကြသည်မှာ မျက်ခွံနှစ်ခုအထက်မှ အသားပိုများကို ဖယ်ရှားရှင်းထုတ်ကြခြင်းဖြစ်ပြီး မျက်ဝန်းမျက်လုံးများ ပိုမိုရွှန်းလဲ့တောက်ပလာစေရန် ခွဲစိတ်ပြုပြင်ကြခြင်းဖြစ်သည်ဟု ဆိုသည်။

တောင်ကိုရီးယားနိုင်ငံတွင် ယင်းကဲ့သို့ မျက်နှာခွဲစိတ်အလှပြုပြင်မှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းမှာ တောင်ကိုရီးယားနိုင်ငံ၏ ဂီတအနုပညာလောကသည်လည်း အဓိကတွန်းအားတစ်ရပ်ဖြစ်မည်ဟု ယူဆရကြောင်း၊ ခွဲစိတ်ပြုပြင်ရန် လာရောက်ကြသူ အတော်များများက နာမည်ကျော် မင်းသား၊ မင်းသမီးများ၏ ဓာတ်ပုံများ ယူဆောင်လာကြကာ ၎င်းတို့ကဲ့သို့ လှပအောင်ပြုပြင်ပေးရန် တောင်းဆိုခဲ့ကြကြောင်း၊ အချို့က လည်း နှာတံစင်းစင်း လှလှပပ ဖြစ်စေရန်၊ မျက်လုံးများ တောက်ပရွှန်းလဲ့လာစေရန် ပြုပြင်ခဲ့ကြသည်ဟု ဆိုသည်။

Gangnam Style သီချင်းဖြင့် နေ့ချင်းညချင်း ကမ္ဘာကျော် အဆိုတော်ဖြစ်လာသူ Psy က သူ၏ အောင်မြင်မှုများက သူ့ကိုခွဲစိတ်ပြုပြင်ရန် တိုက်တွန်းခဲ့သည်ဟု ပြောကြားသည်။

၂၀၁၂ ခုနှစ် ကိုရီးယားအလှမယ် ကင်မ်ယူမီကလည်း သူ၏မျက်နှာမှာ ခွဲစိတ်ပြုပြင်ထားကြောင်း ဝန်ခံခဲ့သည်။ ကင်မ်ယူမီ၏ လှပကျော့ရှင်းသည့်အလှဓာတ်ပုံများ ပေါ်ထွက်လာပြီးနောက် သူ၏ ကျောင်းနေဖက် အပေါင်းအသင်းများက ကင်မ်ယူမီ၏ ကျောင်းသူဘဝဓာတ်ပုံများနှင့် ယခုဓာတ်ပုံများနှိုင်းယှဉ်ကာ အလွန်ခြားနားသွားကြောင်း ထုတ်ဖော်ခဲ့ကြသော်လည်း ကင်မ်ယူမီက မည်သူ့ကိုမျှ လှည့်စားလိမ်ညာထားခြင်းမရှိကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

ပလတ်စတစ်ဆာဂျရီဖြင့် ခွဲစိတ်ပြုပြင်မှုတွင် တောင်ကိုရီးယားနိုင်ငံနောက်အစဉ်လိုက်ရပ်တည်နေသော ထိပ်ဆုံးနိုင်ငံများမှာ ဂရိ၊ အီတလီ၊ အမေရိကန်၊ ထိုင်ဝမ်၊ ဂျပန်နှင့် ကိုလံဘီယာနိုင်ငံတို့ဖြစ်ကြသည်။

ဒေးလီးမေးလ်။

မလေးရှား၌ ဆင်ပုလေး ၁၃ ကောင် တစ်လအတွင်း သေဆုံး

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၄

မလေးရှားနိုင်ငံ၌ ဘေးအန္တရာယ်သင့်နေသည့် ဘော်နီယိုဆင်ပုလေး သုံးကောင် သေဆုံးသွားသည်ကို ဇန်နဝါရီ ၃၀ ရက်တွင် တွေ့ရှိရကြောင်း၊ ယင်းဆင်ပုလေးများမှာ အဆိပ်မိပြီး သေဆုံးခဲ့ကြသည်ဟု သက်သေမကင်းဖြစ်မိကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ဇန်နဝါရီလဆန်းပိုင်းက ဆင်ပုလေးအသေ ၁၀ ကောင်ကို ရှာဖွေတွေ့ရှိခဲ့ရာ သေဆုံးခဲ့သည့်ဆင်ကောင်ရေမှာ တစ်လအတွင်း ၁၃ ကောင်အထိ ရှိသွားပြီဖြစ်သည်။

ဆီအုန်းအသီးများကို စားမည့်ပိုးမွှား၊ တိရစ္ဆာန်များကို ဟန့်ထားရန် ဆီအုန်းစိုက်ခင်း အလုပ်သမားများ ဖြန့်ကြဲထားခဲ့သည့် အဆိပ်များကို ဆင်များက မျိုချခဲ့ဖွယ်ရှိကြောင်း မလေးရှားနိုင်ငံ ဘော်နီယိုကျွန်းပေါ်ရှိ ဆာဘတ်ပြည်နယ် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ညွှန်ကြားရေးမှူး လော်ရင်တီးယပ်စ်အမ်ဘူးက ပြောကြားသည်။

လှည့်လည် သွားလာနေသည့် ဆင်အုပ်များ၏ အကောင်ရေမှာ ဒါဇင်ပေါင်းများစွာရှိကြောင်း၊ ဆင်သေကောင်များ၏ အရေအတွက်မှာ

ထပ်တိုးလာဖွယ်ရှိကြောင်း၊ တောတွင်းနေရာအတော်များများကို ပိုက်စိပ်တိုက်ရှာဖွေဦးမည်ဖြစ်ကြောင်း၊ ဆင်အသေကောင်များ နောက်ထပ်ရှိဦးမည်ဟု ထင်ကြောင်း၊ ယခု ဖြစ်ရပ်မှာ မတော်တဆ ထိခိုက်မှုမရှိကြောင်း အမ်ဘူးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ဆာဘတ်ပြည်နယ်၏ ဝေးလံခေါင်ဖျားသောဒေသရှိ ဂူနွန်ရာရာ သစ်တောကြိုးဝိုင်းတွင် ဇန်နဝါရီ ၃၀ ရက်က ဆိုးဆိုးရွားရွားပုပ်သိုးနေသည့် ဆင်သေကောင် သုံးကောင်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းနေရာမှာ ဆင်ပုလေး ၁၀ ကောင်သေဆုံးသည်ကို တွေ့ရှိခဲ့သည့် နေရာအနီးတွင်ရှိကြောင်း၊ ဆင်ပုလေးများမှာ ရှားပါးသော အာရှဆင်၏ မျိုးစိတ်ကွဲတစ်မျိုးဖြစ်ကြောင်း အမ်ဘူးက ပြောကြားသည်။

ပြည်နယ် တာဝန်ရှိသူများသည် သေဆုံးခဲ့သည့် ဆင် ၁၀ ကောင်၏ မှုရင်းဓာတ်ပုံများကို ထုတ်ဝေဖြန့်ချိခဲ့သည်။ ယင်းဓာတ်ပုံများတွင် သေဆုံးလျက်ရှိသည့် မိခင်ဆင်မကြီးကို နှာမောင်းဖြင့် ပွတ်သီးပွတ်သပ်လုပ်နေသည့် ဆင်ပေါက်စလေးတစ်ကောင်၏ ကြေကွဲဖွယ်ကောင်းသည့် ပုံလည်းပါဝင်သည်။

ဆင်ပေါက်စလေးမှာ အသက်အန္တရာယ်ကင်းခဲ့ပုံရပြီး ပြည်နယ်အတွင်းရှိ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး ဥယျာဉ်တစ်ခုသို့ ပို့ဆောင်ခဲ့ကြောင်း အမ်ဘူးက ပြောကြားသည်။

သေဆုံးခဲ့သည့် ဆင် ၁၀ ကောင်နှင့် ပတ်သက်၍ ဓာတ်ခွဲစစ်ဆေးမှုမှာ လာမည့်ရက်သတ္တပတ်တွင် ပြီးစီးမည်ဖြစ်၍ ဆင်များသေဆုံးရခြင်း၏ အကြောင်းရင်းကို ဖော်ထုတ်နိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဘော်နီယို ဆင်ပုလေးများမှာ အလုံးအထည်ပြည့် ပုံမှန်အာရှဆင်များထက် အကောင်သေးငယ်ပြီး ပိုမိုဝိုင်းဝန်းသော မျက်နှာပေါက်ရှိကြောင်း၊ ဆင်ကောင်ရေ ၁၂၀၀ ခန့်မှာ တောထဲတွင် ကျန်ရှိနေသည်ဟု ခန့်မှန်းရကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့(မလေးရှား)က ပြောကြားသည်။

ခင် စိန် ရီ

NIEC SUMMER 2013

နိုင်ငံတကာသင်ရိုးညွှန်းတမ်းသင်ကြားလိုသောကျောင်းသားများအတွက်..

Special Classes Available

Pre-School
Primary
Secondary
IGCSE
English Language

Computer
Art
Chinese

Get Free Polo-Shirt & 5 to 10 % Discount till 20 Feb

No.27,Dhamayon Street,Kanbe`,Yankin Tsp,Yangon.Ph: 01 8550 727 ,8550 728

TRAVELZONE (T-ZONE)

→ ဟောင်ကောင် ၊ မကာအို၊ မလေး၊ ထိုင်း	(9) ရက်	Apr.12,13
→ ဟောင်ကောင် ၊မကာအို ၊ကွမ်ကျိုး	(9) ရက်	Apr.10
→ စင်္ကာပူ၊ မလေးရှား၊ ဘာလီ	(9) ရက်	Apr.10,12
→ ဥရောပ (၁၀)နိုင်ငံ ခရီးစဉ်	(14) ရက်	Apr.11,19
→ ကူမင်း ၊ ပီကင်း ၊ ရှန်ဟိုင်း	(9) ရက်	Apr.11,12,13
→ ကိုးရီးယား ခရီးစဉ်	(9) ရက်	Apr.10,13
→ အမေရိကား ခရီးစဉ်	(16) ရက်	Apr.9
→ ဗန်ကောက် ၊ ဖူးခက်	(6) ရက်	Apr. 11,12,13
→ စင်္ကာပူ၊ မလေးရှား ၊ ထိုင်း	(8) ရက်	Apr.10,12,13
→ ဂျပန် ခရီးစဉ်	(9) ရက်	Apr.9,10,13

အမှတ်(၂)။ အခန်း(9/A)၊ စံကားဝါကွန်ဒို၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ် ...
PH: 01-548473, 09-73119243, 09-5403143, 09-5145812, 09-5185283

ဆေးပညာသတင်းဆန်းများ (၃၈)

ဒေါက်တာ ကံညွန့်

ယခုအပတ် ဖော်ပြလိုတဲ့ သတင်းကတော့ အားလုံး သိပြီးကြတဲ့သတင်းပါ။ အမေရိကန်တစ်နိုင်ငံလုံး ဝမ်းနည်း ကြေကွဲဖွယ်အရာအဖြစ်နှင့် ကြုံခဲ့ရတဲ့ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာ ၁၄ ရက်က ဖြစ်ခဲ့တဲ့ လူသတ်မှုတစ်ခုအကြောင်းပါ။ ဒီလူသတ်မှုမှာ အမေရိကန်နိုင်ငံ ပြည်နယ် Newtown မြို့ကလေးမှာဖြစ်ခဲ့ပြီး လူကြီးခြောက်ယောက်နှင့် အသက် (၆)နှစ်(၇)နှစ်အရွယ် ကလေးအယောက် ၂၀ စုစုပေါင်း ၂၆ ယောက် သေဆုံးခဲ့ပါတယ်။ ဒီလူသတ်မှုကို ကျူးလွန်ခဲ့သူဟာ အသက်(၂၀)သာ ရှိသေးတဲ့ အဒွန်ဖြစ်ပါတယ်။ သူဟာ သူ့အိမ်မှာ သူ့မိခင်ကိုပါသတ်ခဲ့ပြီး သူနေခဲ့တဲ့ ကျောင်းကကလေးတွေကို သတ်ခဲ့တာဖြစ်ပါတယ်။ သူဟာ ကျောင်းကလူတွေအားလုံးကို သတ်ဖို့ရည်ရွယ်ချက်နဲ့ ကျည်အပြည့်နဲ့ လုပ်ခဲ့တာဖြစ်ပြီး ဒုတိယစာသင်ခန်းအရောက်မှာ ရဲတွေရောက်လာလို့ သူ့ကိုယ်သူပစ်သတ်ခဲ့တာ ဖြစ်ပါတယ်။ လူတွေအားလုံးကို သတ်ပြီး သူ့ကိုယ်သူပါ အဆုံးစီရင်ခဲ့တာမို့ ဘာကြောင့်ဒီလိုသတ်ရတယ်ဆိုတဲ့ အကြောင်းရင်းမှန်ကိုသိဖို့ ခဲယဉ်းပါတယ်။ ဒါပေမယ့် ယခုနောက်ဆုံး အများခန့်မှန်းခဲ့ကြတာကတော့ စိတ်ကျန်းမာရေး (Mental Health) ချို့ယွင်းချက် ဖြစ်နိုင်ဖွယ်ရှိတယ်ဆိုတဲ့ ကောက်ချက်ပါပဲ။

ဘာအကြောင်းမှမရှိဘဲ ဒီလိုအစုလိုက် အပြုံလိုက် သေနတ်နဲ့ ပစ်သတ်မှုဟာ အမေရိကန်မှာ ယခုနှစ်အတွင်း (၂)ကြိမ်ရှိခဲ့ပြီး အိုဘားမားသမ္မတဖြစ်တဲ့ ၂၀၀၈ ခုနှစ်မှစရင် (၄)ကြိမ်ရှိခဲ့ပြီလို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံမှာ လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ် ခုခံပိုင်ခွင့်ရှိတယ်ဆိုတဲ့ ဥပဒေနဲ့အညီ ကိုယ်ပိုင်သေနတ် ဆောင်ထားကြတာ အမေရိကန်တစ်နိုင်ငံလုံးမှာရှိတဲ့ မိသားစုအားလုံးရဲ့ သုံးပုံတစ်ပုံခန့်ဟာ ကိုယ်ပိုင်သေနတ်တွေ ဆောင်ထားကြတယ်လို့ သိရပါတယ်။ အခုလို ကိုင်ဆောင်ခွင့်ရှိလို့ အမေရိကန်နိုင်ငံမှာ တစ်နှစ်ကို သေနက်ပစ်မှုပေါင်း သုံးသောင်းဝန်းကျင်ရှိနေခဲ့တာလို့ ဆိုပါတယ်။ ဒါပေမယ့် လူတိုင်းအတွက် စိတ်ကျန်းမာရေးဟာ အခုလို လူသတ်မှုတွေ နောက်ထပ်မပေါ်လာဖို့ အလွန်အရေးကြီးတယ်လို့ ထောက်ပြထားပြီး သေနတ်လာဝယ်သူတွေကို စိတ်ကျန်းမာမှု ရှိ၊ မရှိ စိတ်ရောဂါရှိလာနိုင်၊ မရှိလာနိုင် စစ်ဆေးပြီးမှ သေနတ်ဝယ်ယူခွင့်ပြုဖို့ ဆွေးနွေးနေကြောင်း သိရပါတယ်။ အမေရိကန်နိုင်ငံရဲ့ စိတ်ရောဂါဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ National Alliance on Mental Illness အဖွဲ့ကြီးကတော့ အမေရိကန်နိုင်ငံသား ၁၇ ယောက်မှာ တစ်ယောက်ဟာ စိတ်ရောဂါရှိလာနိုင်ကြောင်း ထောက်ပြထားတာကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ တရုတ်နိုင်ငံ နှလုံးရောဂါဆိုင်ရာ ကွန်ဂရက် (China Heart Congress) က ထုတ်ပြန်တဲ့သတင်းပါ။ တရုတ်နိုင်ငံက အသက် (၄၀)နှင့်အထက် လူကြီးတွေဟာ နှလုံးရောဂါအပါအဝင် နာတာရှည်ရောဂါတွေကို လာမယ့် ၁၈ နှစ်လောက်အတွင်းမှာ ပြင်းပြင်းထန်ထန် ရင်ဆိုင်ရဖွယ်ရှိတယ်ဆိုတဲ့ သတင်းပါ။ ၂၀၁၁ ခုနှစ်က လေ့လာချက်အရ တင်သွင်းထားတဲ့ ယင်းအစီရင်ခံစာမှာ ၂၀၃၀ ခုနှစ်ကျရင် ယင်းရောဂါတွေကြောင့် သေဆုံးမှုနှုန်းဟာ ၅၀ ရာခိုင်နှုန်း တက်လာလိမ့်မယ်လို့ ဆိုပါတယ်။ ကမ္ဘာ့ဘဏ်နှင့် ပူးတွဲလေ့လာချက်အရ တရုတ်နိုင်ငံသား သန်း ၂၅၀ ဟာ နှလုံးရောဂါအပါအဝင် ယင်းနာတာရှည်ရောဂါတွေကို ခံစားရပြီး သေဆုံးရသူ အားလုံးရဲ့ ၈၅ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ တစ်တိုင်းပြည်လုံးရဲ့ ဆေးကုသမှုအသုံးစရိတ် အားလုံးရဲ့ ၇၀ ရာခိုင်နှုန်းဟာလည်း ယင်းဝေဒနာရှင်တွေအတွက် သုံးစွဲနေရတာလို့ ဆိုပါတယ်။ ဆေးရုံ ၄၃ ခုကို လေ့လာကြည့်တဲ့အခါ ဒီနှလုံးရောဂါနှင့် သေဆုံးမှုဟာ အဆ ၂၀ လောက်တိုးလာတယ်လို့ ဆိုပါတယ်။ တရုတ်နိုင်ငံဟာ စီးပွားရေး တစ်ဟုန်ထိုး တိုးတက်လာတဲ့နိုင်ငံဖြစ်ပြီး လူတွေရဲ့နေထိုင်မှု ပုံစံပြောင်းလဲလာတာနဲ့အတူ ဆေးလိပ်၊ အရက်သောက်သုံးမှုလည်း ပိုများလာတာကြောင့် အခုလိုဖြစ်နိုင်တယ်လို့ ခန့်မှန်းရကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းကလည်း ထူးဆန်းနေပါတယ်။ ပင့်ကူကောင်ရဲ့ အဆိပ်တစ်မျိုးဟာ ရင်သားကင်ဆာ Cell တွေကို သေစေနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီတွေ့ရှိချက်ကိုတော့ Australlia နိုင်ငံ North Queensland ပြည်နယ် University of Cairrs က သုတေသနပညာရှင်တွေက တွေ့ရှိခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့ တွေ့ရှိချက်အရ Spider Venom ခေါ်တဲ့ ပင့်ကူကောင်ရဲ့အဆိပ်ဟာ ဓာတ်ခွဲခန်းမှာ စမ်းသပ်ကြည့်တဲ့အခါ ကင်ဆာ Cells တွေကို လုံးဝသေစေနိုင်ပြီး တခြား Cells တွေကို အန္တရာယ်မဖြစ်နိုင်ဘူးလို့ ဆိုပါတယ်။ ဒါကြောင့် ရင်သားကင်ဆာကုသနိုင်တဲ့ ဆေးတစ်ခုကို မကြာခင် ထုတ်လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း Queensland ကျန်းမာရေးဝန်ကြီးက ကြေညာလိုက်ပါတယ်။ ကမ္ဘာတစ်လွှား ပင့်ကူမျိုးစိတ်ပေါင်း လေးသောင်းကျော်ရှိပြီး ၎င်းတို့မှ အဆိပ်အမျိုးအစားပေါင်း လေးသန်းကျော်ရှိတယ်လို့ ဆိုပါတယ်။ ဒီအထဲက အသင့်တော်ဆုံး မျိုးတစ်ခုကို စမ်းသပ်ပြီး ထုတ်ယူရမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆေးလိပ်ရဲ့ အန္တရာယ်တစ်ခုအကြောင်းပါ။ ဆေးလိပ်သောက်သူ အမျိုးသမီးတွေရဲ့ ကိုယ်ဝန်ဟာ သာမန်ဆေးလိပ်မသောက်သူ အမျိုးသမီးတွေရဲ့ ကိုယ်ဝန်ထက်ကြီးထွားမှု နှေးတယ်ဆိုတဲ့ အကြောင်းပါ။ ဒါကိုတော့ ပြင်သစ်နိုင်ငံ Nantes Unversity Hospital သုတေသနပညာရှင်တွေက စမ်းသပ်တွေ့ရှိခဲ့တာပါ။ သူတို့ဟာ ကိုယ်ဝန်ဆောင်ပေါင်း ၈၆၈ ဦးကို လေ့လာခဲ့ကြပါတယ်။ ဒီအထဲမှာ ၁၃၉ ဦးက ဆေးလိပ်သောက်သူတွေပါ။ ကနဦးကိုယ်ဝန်ဆောင်စအချိန် 8 cells stage ကိုရောက်ဖို့ ဆေးလိပ် မသောက်သူတွေမှာ ၅၈ နာရီသာကြာပေမယ့် ဆေးလိပ်သောက်သူတွေမှာ ၆၂ နာရီကြာတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကို စောစောက ဘယ်သူမှလေ့လာခဲ့ခြင်းမရှိသေးဘူးလို့ ဆိုပါတယ်။ ဒါဟာ ဆေးလိပ်ကြောင့် အစစအရာရာ ကလေးရဲ့ ဖွံ့ဖြိုးမှုမှာ ထိခိုက်နိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကိုယ့်ရင်သွေးကို ကျန်းကျန်းမာမာနဲ့ မွေးဖွားချင်တယ်ဆိုရင် ဆေးလိပ်ဖြတ်လိုက်တာဟာ အကောင်းဆုံးပဲလို့ အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ အသက် (၅၀)ကျော် (၆၀) အရွယ်အမျိုးသမီးတွေအတွက်ပါ။ အမျိုးသမီးတွေ သွေးဆုံးချိန်မှာ အသုံးပြုလေ့ရှိတဲ့ HRT (Hormone Replacement Therapy) ခေါ်တဲ့ ကုထုံးကို သွေးဆုံးပြီး ငါးနှစ်အတွင်း စောစောအသုံးပြုသူ အမျိုးသမီးတွေမှာ Alzeimer's Diseases လို့ခေါ်တဲ့ အမေ့လွန်ရောဂါဖြစ်ဖို့ ၃၀ ရာခိုင်နှုန်း နည်းပါးသွားနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ Baltimore မြို့ John Hopkins တက္ကသိုလ်က ဆေးပညာရှင်တွေက လေ့လာတွေ့ရှိခဲ့တာဖြစ်ပြီး Journal of Neurology မှာ ဖော်ပြထားတာဖြစ်ပါတယ်။ အမှန်တကယ်တော့ ဒီ HRT ကုထုံးဟာ သွေးဆုံးပြီးအမျိုးသမီးတွေမှာ အချိန်ကြာမြင့်စွာ အသုံးပြုခဲ့ရင် မလိုလားအပ်တဲ့ ဆိုးကျိုးတွေဖြစ်တဲ့ ရင်သားကင်ဆာ၊ သားဥကင်ဆာ၊ နှလုံးရောဂါနဲ့ လေဖြတ်ရောဂါတို့ ဖြစ်နိုင်ကြောင်း ၂၀၀၂ ခုနှစ်ကပဲ Women's Health Initiative လေ့လာချက်မှာ ဖော်ပြထားခဲ့တာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်က စိတ်ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းကို ယောကျ်ားတွေထက် မိန်းမတွေက ပိုခံစားရတယ်ဆိုတာ လေ့လာထားချက်တစ်ခုအကြောင်းပါ။ ဒီအကြောင်းကိုတော့ အမေရိကန်နိုင်ငံ Hosida ပြည်နယ် University of South Floride Research ဌာနက Dr.Herian Chen ဦးဆောင်တဲ့ ဆေးသုတေသနပညာရှင်တစ်စုက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့က မိန်းမ၊ ယောကျ်ား ၃၅၀ တို့ကို သူတို့ရဲ့ လူနေမှုအနေအထား စိတ်ပျော်ရွှင်မှုနဲ့အတူ သူတို့ရဲ့ တံတွေးမှာပါတဲ့ DNA ကိုပါ စမ်းသပ်ခဲ့ကြတာဖြစ်ပါတယ်။လူတစ်ဦးဟာ သူတို့ရဲ့ DNA မှာပါတဲ့ MAOA လို့ခေါ်တဲ့ Gene ရဲ့နှိုးဆော်မှုကြောင့် ဦးနှောက်မှာ စိတ်ချမ်းသာပျော်ရွှင်တဲ့အခါ ထွက်ပေါ်နိုင်တဲ့ Chemical တစ်မျိုးကို ထုတ်ပေးခဲ့လို့ ယင်းခံစားချက်ကို ရနိုင်တာလို့ ဆိုပါတယ်။ ဒီ MAOA Gene ဟာ လူပျိုမဖြစ်ခင် ယောကျ်ား၊ မိန်းမအတူတူရှိခဲ့ကြပေမယ့် လူပျိုဖြစ်လာခဲ့အခါ ယောကျ်ားတွေမှာ Testosterone ဟိုမုန်းက ဒီ Gene ရဲ့စွမ်းအင်ကို ချေဖျက်ထားတာကြောင့် ယောကျ်ားဟာ အမျိုးသမီးတွေလောက် စိတ်ချမ်းသာမှုကို မခံစားရတာလို့ ၎င်းတို့ရဲ့ လေ့လာချက်မှာ ဖော်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်က အမေရိကန်နိုင်ငံ နယူးယောက်မြို့က Tamikimet ဆိုတဲ့ အမျိုးသမီးဟာ အသက် (၃၅) နှစ်အရွယ် ကလေးနှစ်ယောက်အမေပါ။ သူဟာ အနည်းငယ်မောပြီး အစာမကြေသလိုခံစားခဲ့ရပါတယ်။ ဒါဟာ ဒီရက်မတိုင်ခင်တစ်ရက်က သူ့သမီးလေးအတွက် ဘာသာရေးပွဲတစ်ခုလုပ်ပေးလိုက်ရလို့လည်း ပင်ပန်းသွားတာလို့ပဲထင်ခဲ့တယ်။ နှစ်ရက်လောက်နားလို့လည်း နုံးနေတာမပျောက်သေးတော့ သူ့ကိုယ်သူ တုပ်ကွေးပဲထင်ပြီး ဆေးရုံကို သူ့ဟာသူကားမောင်းသွားခဲ့ပါတယ်။ သူမျှော်လင့်တာက ဆေးရုံက ဆရာဝန်တွေက သူ့ကိုတုပ်ကွေးဆေးပေးပြီး ပြန်လွှတ်လိမ့်မယ်လို့ မျှော်လင့်ပြီး ဘာစွဲည်းမှ မယူဘဲသွားခဲ့တာပါ။ ဒါပေမယ့် သူမျှော်လင့်သလို ဖြစ်မလာဘဲ သူ့ကို ဆရာဝန်တွေက နှလုံးရောဂါခွဲစိတ်ကုသခြင်းကို ချက်ချင်းလုပ်ပေးရလိမ့်မယ်၊ မလုပ်ရင် အန္တရာယ်ကြီးနိုင်တယ်။ ဒါကြောင့် ဆေးရုံက မပြန်ဘဲ နေသင့်တယ်လို့ ပြောလိုက်ကြပါတယ်။ အဲဒီနေ့ ညပိုင်းမှာပဲ သူ့နှလုံးကို ပို့ပေးနေတဲ့ သွေးကြောသုံးချောင်းကို Bypass Surgery လုပ်ပြီး ခွဲစိတ်ကုသပေးလိုက်ရပါတော့တယ်။

ဒါဟာ Journal of American Medical Association မှာ ဖော်ပြထားတဲ့ နှလုံးရောဂါဆောင်းပါးတစ်ခုပါ။ ယင်းဆောင်းပါးမှာ ဖော်ပြထားတာကတော့ နှလုံးရောဂါဟာ အသက်(၅၅)နှစ် အမျိုးသမီးတွေမှာ အမျိုးသားတွေထက် သိရခက်တယ်ဆိုတဲ့အချက်ပါ။ ဒါကြောင့် ရုတ်တရက် နှလုံးသွေးကြောပိတ်ရောဂါနဲ့ သေဆုံးရတဲ့အရေအတွက်ဟာ အဲဒီအသက်(၅၅) နှစ်အောက်အရွယ်မှာ မိန်းမတွေက ယောကျ်ားတွေထက် ပိုများနေတာဖြစ်တယ်လို့ ဆိုပါတယ်။ အများအားဖြင့် ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်းဟာ ယောကျ်ားတွေမှာ ပိုဖြစ်ပြီး ဆေးရုံဆေးခန်းကို လာပြကြပေမယ့် မိန်းမတွေမှာတော့ သာမန်နုံးချည့် ချည့်ဖြစ်ခြင်း၊ အနည်းငယ်မောခြင်း၊ အသက်ရှူမဝခြင်း၊ မေးရိုး၊ လက်တို့မှ ကိုက်ခဲခြင်းတို့လောက်သာ ဖြစ်နေတတ်တယ်လို့ ဆိုပါတယ်။ ဒီလိုပုံစံမျိုးနဲ့ အမျိုးသမီး တစ်သန်းလောက်ဟာ ကုသမှုမခံယူဘဲ ရှိနိုင်တယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် အမျိုးသမီးတွေဟာ အဝလွန်ခြင်း၊ အဆီဓာတ်တက်ခြင်း၊ မျိုးရိုးအရ နှလုံးရောဂါရှိခြင်းများရှိနေပါက ကြိုတင်စမ်းသပ်ပြီး ကုသမှုခံယူထားသင့်တယ်လို့ အကြံပြုထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ပဋိသန္ဓေတားဆေးဆိုတာ မိန်းမတွေပဲ သောက်နေခဲ့ကြရတာပါ။ ယောကျ်ားမှာ ပဋိသန္ဓေတားချင်ရင် Condom သုံးချင်သုံး၊ မသုံးရင် သားကြောဖြတ်ရတာ ဖြစ်ပါတယ်။ ယခုတော့ ယောကျ်ားတွေအတွက် သောက်လို့ရတဲ့ ပဋိသန္ဓေတားဆေးကို ဖော်ထုတ်နိုင်တော့မယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ Texas ပြည်နယ် Houston ဆေးကောလိပ်က ဆရာဝန်တစ်စုက လေ့လာတွေ့ရှိခဲ့တာပါ။ ဒီဆေးဟာ ကင်ဆာရောဂါကုသရာမှာ အသုံးပြုတဲ့ဆေးဖြစ်ပြီး ဒီဆေးပေးခံရတဲ့ ဝေဒနာရှင်တွေမှာ မျိုးမအောင်မှု (Infertility) ဖြစ်တာကို တွေ့ရှိခဲ့ရာက လေ့လာမှုတွေ ထပ်လုပ်ခဲ့ကြတာပါ။ ပထမ ၎င်းတို့ဟာ ကြွက်တွေမှာ ဒီ JQ1 လို့ အမည်ပေးထားတဲ့ ဆေးနဲ့ စမ်းသပ်ကြည့်တဲ့အခါ ကြွက်တွေဟာ ဒီဆေးပေးစဉ်ကာလမှာ Sperm ခေါ် သုက်ရည်ထုတ်လုပ်မှု ကျဆင်းသွားပြီး ဒီဆေးကို ဖြတ်လိုက်တဲ့အခါ သုက်ရည် မူလအတိုင်းပြန်ထွက်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီ JQ1 ဆေးဟာ ကင်ဆာရောဂါဖြစ်စေတဲ့ Gene BRD4 ကို တိုက်ဖျက်နိုင်တာဖြစ်ပြီး သုက်ရည်ဖြစ်ပေါ်ဖို့အရေးကြီးတဲ့ Protein BRDT ကိုလည်း တားနိုင်တာမို့ ဒီဆေးကို Contraceptive အနေနဲ့ သုံးနိုင်တာလို့ ဆိုပါတယ်။

ယခင်က ကိုယ်ဝန်မလိုချင်သူ အမျိုးသမီးတွေမှာ Contraceptive Pillc ခေါ်တဲ့ တားဆေးတွေကို တစ်လတစ်ခါ ထိုးဆေး၊ စားဆေး၊ သုံးလတစ်ခါ ထိုးဆေးတွေနဲ့ အသုံးပြုခဲ့ရပြီး မလိုအပ်တဲ့ ဆိုးကျိုးတွေဖြစ်တဲ့ အဝလွန်တာ၊ သွေးတိုးရောဂါ၊ တချို့နှလုံးရောဂါတွေပါ ဖြစ်လာခဲ့ကြတာပါ။ အခုတော့ ယောကျ်ားတွေမှာ ဒီလို စားဆေးပေါ်လာခဲ့တာဟာ မိန်းမတွေအတွက် ဝမ်းသာစရာ သတင်းအဖြစ် တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ပါတယ်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၂-၂၀၁၃ (အင်္ဂါနေ့)

၇း၀၃ တရားတော်
၇း၅၃ စည်းလုံးညီညာ အောင်ကြောင်းဖြာ(ဝလူမျိုး)
၈း၁၀ ဇာတ်လမ်းတို
၄း၂၅ မော်လမြိုင်မြို့သို့ အလည်တစ်ခေါက်
၄း၃၅ ခနုရိုးရာ သိုင်းအက(ခနု)
၄း၄၅ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (ဘောဂဗေဒ)
၅း၀၅ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင်ဒုတိယတွဲ (အပိုင်း-၇၆)
၆း၁၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၆း၃၀ Football City Tour
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန် (အပိုင်း၂)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -ဟာသရုပ်စုံ
-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပြည်သူ့တရားရှင်ပေါင်ချိန်” (အပိုင်း-၆) Mini Series



■ ယခုစာအုပ်တွင် ပြင်ပမှ အင်္ဂလိပ်စာလေ့လာလိုက်စားနေကြသူများ အတွက် ကျွမ်းကျင်မှုတိုးတက်စေရန် နောက်ဆုံးထွက်ပေါ်လာသော စာအုပ်များမှ ပြုစုထုတ်နုတ်ရေးသားထားခြင်း၊
■ IELTS Reading နှင့် Writing တို့ကိုမည်သို့ချည်းကပ်ရပုံ၊ နိုင်ငံခြားဘာသာတက္ကသိုလ် U.F.L သို့ဝင်ရောက်ကြမည့် ကျောင်းသားများ အတွက် Sentence Transformation Practice များ၊ ကုမ္ပဏီများ၊ Marketing ဆိုင်ရာများတွင် Presentation Skills ဆောင်ရွက်ပုံ လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြည့်စုံစွာဖော်ပြပေးထားသည်။
အမြို့မြို့စာအုပ်ဆိုင်တိုင်းတွင်မေးမြန်းဝယ်ယူနိုင်ပါသည်။
ထွက်ပြီ
ထက်ထက်အောင်စာပေ ဖုန်း-၀၉၅၀ ၉၅၃၈၈၊ ၀၉၄၄ ၉၀၀ ၁၈၂၂

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd.
ကျွမ်းကျင်ဝန်ထမ်းပေါင်း(၄၀)ကျော်ဖြင့် Customer ပေါင်း(၈၀၀)ကျော်ကို မြန်မာတစ်နိုင်ငံလုံးအနှံ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
Contact Us ...
YGN 09-73138079, 09-43064181, 01-554206
MDY 09-43200283, 09-91050973

လွှတ်တော်ရေးရာကဏ္ဍ

✰ ပြည်သူ့လွှတ်တော်မှ

အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း မေးခွန်းများအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အကြောင်းအမျိုးမျိုးကြောင့် စက်ရုံအဟောင်းများရောက်ရှိလာလျှင်သော်လည်းကောင်း၊ စီမံကိန်းလုပ်ငန်းကြောင့်သော် လည်းကောင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်တားဆီးထိန်းသိမ်းနိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်နှင့် လူမှုရေး၊ ကျန်းမာရေးအပေါ် ထိခိုက်မှုများကို ဆန်းစစ်ရာတွင် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် သက်ဆိုင်ပတ်သက်မှုမရှိသော သို့မဟုတ် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များ၏ အထောက်အပံ့ရယူထားခြင်းမရှိသော လွတ်လပ်သည့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်နှံ့စပ်သည့် ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့အစည်းတစ်ရပ်က ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းဆန်းစစ်ခြင်းအစီရင်ခံစာအပေါ် ဘာသာရပ်ဆိုင်ရာကျွမ်းကျင် နှံ့စပ်သောပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ဖြင့်လည်း စိစစ်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့သို့ ပတ်ဝန်းကျင်နှင့်လူမှုရေး၊ ကျန်းမာရေးတို့အပေါ် ထိခိုက်မှုဆန်းစစ်ခြင်း၊ အစီရင်ခံစာစိစစ်သုံးသပ်ခြင်း၊ စီမံကိန်းလုပ်ကိုင်ခွင့်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ အများပြည်သူ သိရှိစေရေး ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဝင်ရောက်လာမည့် စက်မှုလုပ်ငန်းအမျိုးမျိုးအား အမျိုးသားအကျိုးစီးပွားအလို့ငှာ စနစ်တကျစိစစ်ခြင်း၊ ခေတ်မီနည်းပညာစက်ကိရိယာများဖြင့် ထိန်းချုပ်ကွပ်ကဲခြင်းအပါအဝင် ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးစနစ်ထားရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် သီးခြားအဖွဲ့တစ်ရပ်ထားရှိ၍ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးစနစ် ထားရှိဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်း။

စီမံကိန်းတစ်ရပ်လုံးကို ပြည်သူများသိရှိစေရေးအတွက် ထင်သာမြင်သာရှိစေသော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရေးကိစ္စနှင့် ပတ်သက်၍ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် ရပ်ရွာဒေသလူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍ ဆပ်ကော်မတီအနေဖြင့် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးနှင့် ဆက်စပ်လုပ်ငန်းများ၏ အခြေအနေအရပ်ရပ်ကို ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေနိုင်ရေးအတွက် ၂၀၁၂ခုနှစ် ဒီဇင်ဘာ ၅ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ပေးခဲ့ပါကြောင်း။

ဆက်လက်၍ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ပတ်ဝန်းကျင်နှင့်လူမှုရေး၊ ကျန်းမာရေးတို့အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များက ဆောင်ရွက်မည့်အစီအမံများ၊ စီမံကိန်းလုပ်ငန်းတိုးတက်မှုအခြေအနေနှင့် အခြားသတင်းအချက်အလက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အသိပေးရှင်းလင်းပြောကြားခြင်း၊ ထုတ်ပြန်ကြေညာအသိပေးခြင်း၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပကာ ရှင်းလင်းဆွေးနွေး အကြံဉာဏ်များရယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

မေးခွန်းရှင် **ဦးသိန်းလွင်**က "ကျွန်တော် လွှတ်တော်မှာ တင်ပြသလို ကျွန်တော့်အချက်အလက်တွေကတော့ အထောက်အထားပြည့်ပြည့်စုံစုံ တင်ပြတာပဲ၊ အဲဒီတော့ ပွင့်ပွင့်လင်းလင်းပြောရရင် ဟိုဘက်က တရားဝင်သတင်းစာတွေမှာ၊ ရုပ်မြင်သံကြားတွေမှာပြောထားတာကို ကျွန်တော့်အနေနဲ့ လက်ပံတောင်းတောင်တို့၊ မြစ်ဆုံတို့လိုဖြစ်မှာစိုးလို့ တင်ပြတာဖြစ်ပါတယ်၊ ဒါပေမယ့် ပြည်ထောင်စုဝန်ကြီး ဖြေကြားတဲ့အပေါ်မှာတော့ ဒါကိုမလုပ်ဘူးလို့ပြောသွားတယ်၊ မလုပ်ဘူးလို့ပြောသွားရင်တော့ ဒါကတိကဝတ်ဖြစ်သွားပြီ၊ ဒါကိုသက်ဆိုင်ရာလွှတ်တော်ဆိုင်ရာ ကတိကဝတ်ကော်မတီက စောင့်ကြည့်ပြီးတော့ ဆက်ပြီး လေ့လာနေရမယ့်အနေအထားရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။

ပြည်ထောင်စုဝန်ကြီးကတော့ ကျွန်တော်မေးတာကို တိတိကျကျဖြေမသွားပါဘူး၊ တစ်ချက်ချင်း ပြောသွားပေမယ့် ဒါကိုသယ်မလာဘူး၊ သယ်လာမယ်၊ ရွှေ့လာမယ်၊ ရွှေ့မလာဘူး၊ ဒါကိုပြောမသွားဘူး၊ အဲဒါလေးကိုတော့ သတိထားမိပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ စက်ရုံစီမံကိန်းတွေမပါဘူးလို့ ပြည်ထောင်စုဝန်ကြီးပြောသွားသော်လည်းပဲ သူတို့အီတာလျံ ထိုင်းကုမ္ပဏီကဝေတဲ့ လက်ကမ်းစာစောင်ထဲမှာတော့ အဲဒီစက်ရုံတွေပါနေတယ်၊ အဲဒီစက်ရုံကတော့ အဟောင်းဟုတ်ချင်မှ ဟုတ်မှာပေ့ါနော်၊ ဓာတုဗေဒ စက်ရုံတွေပါနေတာတွေ့ရတယ်၊ အဲဒါကြောင့် ကျွန်တော်လည်း စိုးရိမ်ပြီးမေးတာဖြစ်ပါတယ်"ဟု ဖြေကြားချက်အပေါ် ပြောပြခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအပါအဝင် ပြင်ဆင်ချက် အဆိုတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

ယင်းဥပဒေကြမ်းအပေါ် ဘီးလင်းမဲဆန္ဒနယ်မှ **ဒေါက်တာစိုးမိုးအောင်**က "ကျွန်တော်တို့နိုင်ငံမှာ သဘာဝဘေးအန္တရာယ်တွေ ကျရောက်ခဲ့ဖူးတဲ့အတွေ့အကြုံအရပေါ်ပေါက်လာတဲ့ဥပဒေဖြစ်ပါတယ်၊ ဒီဥပဒေမှာ သဘာဝဘေးအန္တရာယ်တစ်ခုခုမကျရောက်မီ ကြိုတင်ပြင်ဆင်ရမယ့်လုပ်ငန်းတွေ၊ ဖြစ်ပေါ်လာခဲ့ရင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ၊ ဒ့ါအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ဥပဒေအဖြစ် တိတိကျကျရေးသားထားတာတွေ့ရပါတယ်၊ ပြည်သူလူထုရဲ့အကျိုးအတွက် ရည်ရွယ်ပြဋ္ဌာန်းတဲ့ဥပဒေတစ်ခုလို့ မြင်ပါတယ် "ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၇)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား တိုကျိုအခြေစိုက် Allen & Overy မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား တိုကျိုအခြေစိုက် Allen & Overy မှ Partner Mr. Simon Black ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် Allen & Overy Organization မှ နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော ဥပဒေရေးရာ အကြံပေးသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင်လည်း ဥပဒေရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ကူညီဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများ၊ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဥပဒေနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးမြသိန်း၊ ဒေါ်သန်းသန်းရီ၊ ဦးတင်ဝင်း၊ ဦးအောင်မြင့်ထွန်း၊ ဦးထင်ဇော်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

✽ **အမျိုးသားလွှတ်တော်မှ**

ကာကွယ်နိုင်ရန်အတွက် မိမိတို့အလုပ်သမားများ၏ ကျွမ်းကျင်မှုအရည်အသွေးတိုးတက်အောင်(Skill Development) ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပမှနိုင်ငံခြားသားအလုပ်သမားများကိုလည်း စနစ်တကျလာရောက်မှုကို စနစ်တကျလက်ခံနိုင်ရန်အတွက် Alien Worker Law ကို ရေးဆွဲလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ)က **ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် သန့်ရှင်းသောအစိုးရ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ် ဖြစ်ပေါ်ရေးအတွက် အုပ်ချုပ်ရေးအာဏာ ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဥပဒေချိုးဖောက်ကာ လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် နိုင်ငံ့ဝန်ထမ်းများအား အရေးယူအပြစ်ပေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စစ်ဆေးခြင်းမပြုဘဲ တိုက်ရိုက်ထုတ်ပယ်မှုကြောင့် ဝန်ထမ်းများမှာ ထုချေဖြေရှင်းခွင့်မရသဖြင့် နစ်နာမှုများရှိနေပါ၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်မှုအခြေအနေများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းအဆိုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ ဆောင်ရွက်မှုအခြေအနေကို လွှတ်တော်က မှတ်တမ်းတင် ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုများနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေးက "ပြည်သူများရဲ့ တိုင်ကြားစာအပေါ် မှန်ကန်စွာစစ်ဆေးစုံစမ်းမှုများ ပြုလုပ်ပြီး ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပေးခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံပါတယ်။ ပြည်သူများရဲ့ နစ်နာမှုများကို တိုင်ကြားမှသာ ဆောင်ရွက်အရေးယူပေးမှုမျိုးမဟုတ်ဘဲ အမှန်တကယ်တစ်ဖက်သတ် နစ်နာနေသည်များများစွာရှိနေသေးတဲ့အတွက် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးဖော်ထုတ်ပြီး ကြပ်ကြပ်မတ်မတ် ထိရောက်စွာ အရေးယူဆောင်ရွက်ပေးဖို့လိုပါတယ်" ဟု သုံးသပ်အကြံပြု ပြောကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က "ပထမအဆိုနှင့်စပ်လျဉ်းလို့ ဖြေကြားချက်မှာ ၁-၄-၂၀၁၁ မှ ၃၁-၁၂-၂၀၁၂ အထိ(၂)နှစ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနမှ မည်သည့်အဆင့်ဖြင့် မည်မျှသောအရေအတွက်ကို အရေးယူပြီးဖြစ်ကြောင်းနဲ့ မမှန်မကန်တိုင်ကြားမှုတစ်ခုအတွက် တိုင်ကြားသူကို ပြန်လည်အရေးယူခဲ့ကြောင်း ဖြေကြားသွားတာကိုတွေ့ရပါတယ်။ အရေးယူခြင်းနည်းလမ်းအပြင် တာဝန်ရှိသူများအနေနဲ့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် မည်သည့်အစီအမံမျိုးများ ဆောင်ရွက်နေကြောင်းကိုလည်း ဖြေကြားရာမှာ ပါဝင်သင့်တယ်လို့အကြံပြုလိုပါတယ်။ ဒုတိယအဆိုနဲ့ စပ်လျဉ်းလို့ ထိုကဲ့သို့ဖြစ်ရပ်များရှိခဲ့ခြင်း ရှိ/ မရှိ၊ ရှိခဲ့သည်များကို မည်သို့ကုစားပေးခဲ့သည်၊ နောင်တွင် ထိုသို့မဖြစ်ပေါ်အောင် မည်ကဲ့သို့ စီမံထားသည်စသည်တို့ကို ထည့်သွင်းဖြေကြားသင့်တယ်လို့ မြင်ပါတယ်"ဟု ပြောပြသည်။

ယင်းနောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်က **လူငယ်ဗဟိုပြု အခြေခံပညာအထက်တန်းကျောင်းများတွင် ဒီမိုကရေစီကျင့်စဉ်များ လေ့ကျင့်ပျိုးထောင်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့က ဆွေးနွေးကြပြီး အဆိုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အင်တာနက် ကျန်းမာရေး

အောဝမ်းစိုး

အစားအစာများတွင် ဖော်ပြထားသော စွမ်းအင်ယူနစ်များ တိကျမှန်ကန်မှုမရှိ

အစားအသောက်ထုတ်ကုန်ပစ္စည်းများ ဝယ်ယူစားသုံးရာတွင် လူအတော်များများသည် အစားအစာကုန်အမှတ်တံဆိပ်များတွင် ဖော်ပြသော အစားအစာမှရသော စွမ်းအင်ယူနစ်များ၊ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းလွန် ကုန်ဆုံးရက်စွဲများကို ခရေစေ့တွင်းကျ သေချာစွာ ကြည့်ရှုလေ့လာဝယ်ယူကြသော်လည်း ဖော်ပြထားသည့် စွမ်းအင်ယူနစ်အတော်များများမှာ တိကျမှန်ကန်မှုမရှိကြောင်း ကျွမ်းကျင်သူ ပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များအနေဖြင့် အစားအစာများတွင် စွမ်းအင်ယူနစ်များ ဖော်ပြထားမှုများမှာ ခန့်မှန်းဖော်ပြထားခြင်းသာဖြစ်ကြောင်း သိရှိထားကြပြီး အချို့သောသိပ္ပံပညာရှင်များက အဆိုပါစနစ်ကို ပြောင်းလဲရန် တောင်းဆိုခဲ့ကြဖူးသည်။ ယခုအခါ သုတေသနပြုလေ့လာသူများက ယင်းပြဿနာကို ထပ်မံမီးမောင်းထိုးပြလျက်ရှိနေပြီး စားသုံးသူများအတွက် တိကျမှန်ကန်သည့် အစားအစာစွမ်းအင်ယူနစ်များ ဖော်ပြပေးနိုင်ရန် လိုအပ်ကြောင်း ထောက်ပြပြောဆိုလာကြသည်။

"ကျွန်တော်တို့အနေနဲ့ အစားအစာတွေမှာ တိကျမှန်ကန်တဲ့ စွမ်းအင်ယူနစ်တွေ ဖော်ပြပေးနိုင်မယ်ဆိုရင် စားသုံးသူတွေအတွက် ပိုပြီးအကျိုးရှိစေမှာပါ"ဟု အမေရိကန်နိုင်ငံ စိုက်ပျိုးရေးဌာန၏ လူသားအာဟာရသုတေသနဗဟိုဌာနမှ ဇီဝကမ္မဗေဒသုတေသနပညာရှင် ဒေးဗစ်ဘာရာက ပြောကြားသည်။

ဘာရာနှင့် အပေါင်းအပါများသည် လွန်ခဲ့သည့်နှစ်က မက်မန်းပင်မျိုးဝင်အပင်တစ်မျိုးမှ အသီးများကို လေ့လာခဲ့ကြရာ အစားအစာစွမ်းအင်ယူနစ်ယခင်ခန့်မှန်းထားသည့် ၂၀ ရာခိုင်နှုန်းလျော့နည်းသွားကြောင်း၊ အဆိုပါသုတေသနပညာရှင်များသည် အခြားအစေ့အဆန်၊ အသီးအနှံများ အပါအဝင် အခြားအစားအစာများကို ပြန်လည် လေ့လာသုံးသပ်သွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အချို့သော အစားအစာစွမ်းအင်ယူနစ်များမှာ ယခင်ခန့်မှန်းထားသည်ထက် ၅၀ ရာခိုင်နှုန်းအထိ ကွာဟနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

(လိုက်ဆိုင်းရင့်)

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ခင်ရင်းနှီးမှုနှင့် နီးကပ်စွာဆက်ဆံခွင့်ရရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၄

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည့် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များအား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း ရွာတော်၌ ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များအနေဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ခင်ရင်းနှီးမှုနှင့် အပြန်အလှန် နီးကပ်စွာ ဆက်ဆံခွင့်ရရှိကြမည်ဖြစ်၍ ကိုယ့်ယဉ်ကျေးမှုကိုယ် အစွမ်းကုန်ဖော်ထုတ်ပြသကြရန်နှင့် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝစွာ ပါဝင်ဆင်နွှဲကြရန်တို့ကို မှာကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အမှတ်(၇) တည်းခိုရေးစခန်း ရွာတော်၌ ဆပ်ကော်မတီရုံးခန်းများ ဖွင့်လှစ်ထားရှိမှု၊ စာပေလေ့လာဖတ်ရှုနိုင်ရန် စာကြည့်တိုက်ဖွင့်လှစ်ပေးထားမှု၊ ဆေးခန်းများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှု၊ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ စတိုးဆိုင်နှင့် စာအုပ်ဆိုင်များ ဖွင့်လှစ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်နိုင်ရေး၊ အဆင်ပြေလွယ်ကူစွာ သွားလာနေထိုင်နိုင်ရေးတို့အတွက် အထူးဂရုပြု ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ မဏ္ဍိုင်တစ်ရပ်သည်လည်း အပါအဝင်ဖြစ် အာဆီယံအဖွဲ့အစည်းကြီး တိုးတက်လာစေရေးကို အထောက်အပံ့ပေး ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၄

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး- ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (ASCC) အနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း တာဝန်ယူဆောင်ရွက်ရမည့် အာဆီယံအစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ဦးစားပေး ကိစ္စရပ်များ အချိန်နှင့်တစ်ပြေးညီ လျာထားချက်များ ပြည့်ဝနိုင်စေရန်အတွက် ဆောင်ရွက်ပြီးစီးသည့် အနေအထားများကို စောင့်ကြပ်ကြည့်ရှုမှတ်တမ်းတင်သည့် အကဲဖြတ်မှတ်တမ်း (Scorecard) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားရာတွင်**(အပေါ်ပုံ)** မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံအစည်းအဝေးကြီးနှင့် ဆက်စပ်ပတ်သက်သည့် အာဆီယံ အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဦးဆောင်သူအဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ပူးပေါင်း၍ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီသည် ပြည်သူ့ဘဝ သာယာမှုနှင့် သဟဇာတဖြစ်စေမှုများ၊ အသက်မွေးဝမ်းကျောင်းနှင့် လူမှုဘဝဖူလုံရေး၊ ပြည်သူ့ဘဝ တိုးမြှင့်ရေးစသည့် လှုပ်ရှားမှုအစီအစဉ်များကို စောင့်ကြပ်ကြည့်ရှုသုံးသပ်မှတ်တမ်းတင်မှုများကို လုပ်ငန်းတာဝန်တစ်ရပ်အနေနှင့် ဆောင်ရွက်သွားမည်ဟု သိရှိနားလည်ထားကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အခြေပြမြေပုံပါ ဖော်ပြပါကိစ္စရပ်များအား ဆက်စပ်ပတ်သက်သော ဝန်ကြီးဌာနများနှင့်အတူ အမျိုးသားအဆင့် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း၊ အာဆီယံ၏ မဏ္ဍိုင်ကြီး သုံးရပ်အနက် လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ မဏ္ဍိုင်တစ်ရပ်သည်လည်း အပါအဝင်ဖြစ်ကာ အခြားသော မဏ္ဍိုင်နှစ်ရပ်နည်းတူ အာဆီယံအဖွဲ့အစည်းကြီး တိုးတက်လာစေရေးကို အထောက်အပံ့ပေး ဆောင်ရွက်သွားကြကြောင်း၊ မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အခြေပြမြေပုံပါ အချက်များကို အလေးအနက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး အာဆီယံအဖွဲ့အစည်းကြီးနှင့် သဟဇာတဖြစ်စေရန် ယခုအကဲဖြတ်မှတ်တမ်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Ms. Alicia Dela Rosa Bala က ကြိုဆိုနှုတ်ဆက် အမှာစကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ၂၀၁၄ ခုနှစ်အတွင်း တာဝန်ယူဆောင်ရွက်ရမည့် အာဆီယံအစည်းအဝေးများ ကျင်းပနိုင်ရေး အတွက် ဦးစားပေးကိစ္စရပ်များ အချိန်နှင့်တစ်ပြေးညီ လျာထားချက်များ ပြည့်ဝနိုင်စေရန်အတွက် ဆောင်ရွက်ပြီးစီးသည့် အနေအထားများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီအား ခြုံငုံသုံးသပ်၍ လည်းကောင်း၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အညွှန်းကိန်းမှတ်တမ်းဆိုင်ရာ အယူအဆနှင့် အကောင်အထည်ဖော်မှုကို အခြေခံကာ စောင့်ကြပ်အကဲဖြတ်မှုကိုလည်းကောင်း၊ အညွှန်းကိန်းမှတ်တမ်းဆိုင်ရာ စောင့်ကြပ်အကဲဖြတ်မှု နောက်ဆုံးအခြေအနေအား ရှင်းလင်းဆွေးနွေး၍လည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို လည်းကောင်း၊ လူမှုရေးဆိုင်ရာတရားမျှတရေးနှင့် အခွင့်အရေးများကိုလည်းကောင်း၊ အာဆီယံသွင်ပြင်လက္ခဏာကို လည်းကောင်း၊ လူမှုဘဝဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်မြဲစေရန် ထိန်းသိမ်းခြင်းကို လည်းကောင်း၊ ကျန်းမာရေးညွှန်းကိန်းဆိုင်ရာများကို လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီခြင်း အညွှန်းကိန်းများကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အညွှန်းကိန်းများကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဥက္ကဋ္ဌ ဦးအေးမြင့်ကြူ၊ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် (ASCC) နှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လောင်စာဆီတင် တွဲရေယာဉ် လှိုင်မြစ်ကမ်းနား၌ မီးလောင်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၄) ရပ်ကွက် လှိုင်မြစ်ကမ်းနားရှိ မြဝတီထရိတ်ဒင်းဆိပ်ခံဘောတံတား၌ ဆိုက်ကပ်ထားသော လောင်စာဆီတင် တွဲရေယာဉ်မှ မီးလောင်မှု ယနေ့ ညနေပိုင်းတွင် ဖြစ်ပွားခဲ့သည်။**(ယာပုံ)**

ဖြစ်စဉ်မှာ မြဝတီထရိတ်ဒင်းဆိပ်ခံဘောတံတား၌ ဆိုက်ကပ်ထားသော လောင်စာဆီတင် တွဲရေယာဉ်များဖြစ်ကြသည့် ကက-၀၀၅၊ အောင်သုခရော၊ မြဝတီ-၀၀၃နှင့် သံ-၅၆၆ များဆိုက်ကပ်ထားစဉ် ညနေ ၅ နာရီ ၅ မိနစ်တွင် လောင်စာဆီထုတ်ယူစဉ် ကက-၀၀၅ လောင်စာဆီတွဲရေယာဉ်မှ စတင်မီးလောင်ကျွမ်းရာ အောင်သုခရော လောင်စာဆီတင်တွဲရေယာဉ်သို့ ဆက်လက်ကူးစက်လောင်ကျွမ်းပြီး စတင်လောင်ကျွမ်းသည့် ကက-၀၀၅ လောင်စာဆီတင် တွဲရေယာဉ်မှာ ရေအောက်နစ်မြုပ်သွားပြီး အောင်သုခရော လောင်စာဆီတင် တွဲရေယာဉ်မှာ ရေစီးနှင့်မျောပါပြီး ခိုင်ဟိုလီဝင်းဆိပ်ကမ်း၌ တင်ကာ မီးလောင်ပျက်စီးသွားသည်။

အဆိုပါမီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၃၈ စီးနှင့် အုပ်ချုပ်မှုယာဉ် ခုနစ်စီးတို့က လာရောက် မီးငြှိမ်းသတ်ရာ ညနေ ၆ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားကြောင်း သိရှိရသည်။

ကနဦးသတင်းများအရ မီးလောင်ကျွမ်းမှုကြောင့် အမျိုးသားလေးဦး သေဆုံးပြီး အမျိုးသားလေးဦး ဒဏ်ရာရရှိကြောင်းနှင့် ဒဏ်ရာရရှိသူ လေးဦးအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၂
မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအ

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ ဒေါ်မြမြ၊ အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများအနေဖြင့် မိမိတို့၏ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အတွေးအမြင်ပိုင်းများကို ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပြီး နိုင်ငံတော် တည်ဆောက်ရေးအခန်းကဏ္ဍများမှာ မြန်မာအမျိုးသမီးများ၏ စွမ်းအားကို အပြည့်အဝပေးနိုင်ရန် အခိုင်အမာတည်ဆောက် စုစည်းထားရန် လိုကြောင်း။

မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို

ထိန်းသိမ်းစော
နှင့် ပတ်သက်
များအနေဖြင့်
အခန်းကဏ္ဍက
အထူးဂရုပြုရန်
ယခုအခါ တို
များသည်
ထိုးဖောက်ဝင်
အတွက် မြန်
ယဉ်ကျေးမှုနှင့်
ဆင်ယင်ရေး၊
ပျက်ပြားမှုမရှိ
အနွယ်စောင့်
ယဉ်ကျေးမှုကို
ရေးတို့ကို အ
ရန် လိုအပ်ပါ
မြန်မာအမျိုး
မိမိတိုင်းပြည်၊
ရိုးရာယဉ်ကျေး
အလာကို မ
ဝိုင်းဝန်းထိန်း
ရန် အထ
မှာကြားလိုကြေ
အဖွဲ့ချုပ်အ
ကဏ္ဍတွင်
ကျောင်းမနေနို
အရွယ်ကလေး
နေနိုင်ရေးအ

ပိတောက်ပင်ဒေသ ရွှေရာ ထိခိုက်ဒဏ်ရာရရှိမှုများဖြ

သရက် ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ပိတောက်ပင်ဒေသ ရေနံလက်ယက်တွင်းတိမ်မျာ ရှာဖွေတူးဖော်ထုတ်လုပ်ခွင့်ရ ရွှေရာသီကုမ္ပဏီ PC လုပ်ကွက်သစ်အတွင်း ဖေဖော်ဝါရီ ၃ ရက် ညနေ နာရီ ၁၅ မိနစ်က ရေနံတွင်းလုပ်သားတစ်ဦး သေဆုံးပြီ ခုနစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသည့် မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ရွှေရာသီကုမ္ပဏီ PC လုပ်ကွက်အတွင်း ရေနံတွင်းအမှတ် PC ၂၈ ၌ ရေနံတွင်းလုပ်သာ ရန်အောင်(၂၃)နှစ် ဆတ်သွားကျေးရွာ ရေစကြ မြို့နယ်နေသူသည် ကရောင်းစက်ဖြင့် ရေနံတွင်းတူ နေစဉ် ရေနံကျင်းအတွင်းမှ မီးထွက်လောင်ကျွမ်းခဲ့သဖြ ရန်အောင်(၂၃)နှစ်၊ နိုင်လင်းထွန်း(၂၅) နှစ်၊ မစန်းအေ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ ဒေါ်မြမြ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများအနေဖြင့် မိမိတို့၏ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အတွေးအမြင်ပိုင်းများကို ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပြီး နိုင်ငံတော် တည်ဆောက်ရေးအခန်းကဏ္ဍများမှာ မြန်မာအမျိုးသမီးများ၏ စွမ်းအားကို အပြည့်အဝပေးနိုင်ရန် အခိုင်အမာတည်ဆောက် စုစည်းထားရန် လိုကြောင်း။

မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍနှင့် ပတ်သက်ပြီး မြန်မာအမျိုးသမီးများအနေဖြင့် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေသည်ကို အထူးဂရုပြုရန် လိုအပ်ပါကြောင်း၊ ယခုအခါ တိုင်းတစ်ပါးယဉ်ကျေးမှုများသည် အရှိန်အဟုန်ဖြင့် ထိုးဖောက်ဝင်ရောက်လျက်ရှိသည့်အတွက် မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ရေး၊ လူမှုအကျင့်သိက္ခာပျက်ပြားမှုမရှိစေရေးနှင့် အမျိုးအနွယ်စောင့်ထိန်းရေး၊ မိမိ၏ ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ရေးတို့ကို အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာအမျိုးသမီးများအနေဖြင့် မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာကို မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် အထူးလိုအပ်ကြောင်းကို မှာကြားလိုကြောင်း။

အဖွဲ့ချုပ်အနေဖြင့် ပညာရေးကဏ္ဍတွင် ဆင်းရဲနွမ်းပါးပြီး ကျောင်းမနေနိုင်သည့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေးအတွက် ကူညီထောက်ပံ့မှုများ ပေးခဲ့ပါကြောင်း၊ ပညာရည်ထက်မြက် ထူးချွန်သော်လည်း စီးပွားရေး ချို့တဲ့မှုကြောင့် အဆင့်မြင့်ပညာမသင်ယူနိုင်သည့် မိန်းကလေးများကို တက်ရောက်ခွင့်ရသည့် ဘာသာရပ်အလိုက် ဘွဲ့ရသည်အထိ ဆက်လက်ပညာသင်ယူနိုင်အောင် ပညာသင်ထောက်ပံ့ရေးရန်ပုံငွေထူထောင် ထောက်ပံ့လျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများ၏ ကျောင်းအင်္ဂါရပ်နှင့် ကိုက်ညီစေရန် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းနှင့် ကျောင်းသား ကျောင်းသူများ ကျန်းမာရေး လိုအပ်ချက်ကို အထောက်အကူပြုနိုင်ရန် ရေအိမ်များ ဆောက်လုပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောက်နှစ်များမှာလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့များအနေဖြင့်လည်း ကျောင်းများ၏ လိုအပ်ချက်များကို ထောက်ပံ့လှူဒါန်းကြရန် တိုက်တွန်းပါကြောင်း။

ထို့ပြင်အဖွဲ့ချုပ်အနေဖြင့် ၂၀၁၂ ခုနှစ်အတွင်းမှာ အမျိုးသမီးများနှင့် ကလေးများအား ကာကွယ်စောင့်ရှောက်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ အခြေခံပညာရေး၊ တက္ကသိုလ်ပညာသင်ဆု၊ ကျန်းမာရေး၊ ဘာသာရေး၊ ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုအဘွားများ၊ သဘာဝဘေးအန္တရာယ်သင့် ဒေသနှင့် ပဋိပက္ခဒေသများရှိ ပြည်သူများအား ကူညီထောက်ပံ့ရေး လုပ်ငန်းများတွင် ငွေကျပ် ၁၂၁၆ သိန်း သုံးစွဲခဲ့ပါကြောင်း။

မြန်မာအမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ရည်ရွယ်ချက်တူညီသည့် ပြည်တွင်းအဖွဲ့အစည်းများသာမက ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ သို့ဖြစ်၍ ဒေသတွင်းမှာသာမက နိုင်ငံတကာမှာလည်း အဖွဲ့ချုပ်၏ ဆောင်ရွက်မှုကို အသိအမှတ်ပြုသည့်အတွက် ဂုဏ်ယူရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ချမှတ်ထားသည့်လုပ်ငန်းစဉ်များအောင်မြင်စေရန် အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း အားရကျေနပ်ဖွယ်ရာ တွေ့ရပါကြောင်း။

၂၀၁၂ ခုနှစ်၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်ပြီး ယခုနှစ်ပတ်လည် အစည်းအဝေးကြီး၏ ဦးတည်ချက်များနှင့်အညီ ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ယခုပြုလုပ်သည့် နှစ်ပတ်လည်အစည်းအဝေး၌ လုပ်ငန်းစဉ်များအပေါ် အကြံပြုချက်များ၊ အားသာချက် အားနည်းချက်များ၊ ကြုံတွေ့ရင်ဆိုင်ရသည့် စိန်ခေါ်မှုများကို ညှိနှိုင်းဆွေးနွေးဖြေရှင်းကြခြင်း၊ ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ရှေ့ဆက်ပြီး အကောင်အထည်ဖော်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် အဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ ပြည်သူအကျိုးပြု လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးအဖွဲ့များ၏ အရောင်းပြခန်းများကို ကြည့်ရှုလေ့လာကြသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အမျိုးသမီးရေးရာအဖွဲ့များက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက ပြန်လည်သုံးသပ်ရှင်းလင်းသည်။ **(သတင်းစဉ်)**

ပိတောက်ပင်ဒေသ ရွှေရာသီကုမ္ပဏီ လုပ်ကွက်အတွင်း ထိခိုက်ဒဏ်ရာရရှိမှုများပြားသည့် မီးလောင်မှုဖြစ်ပွား

သရက် ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ပိတောက်ပင်ဒေသ ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခွင့်ရ ရွှေရာသီကုမ္ပဏီ PC လုပ်ကွက်သစ်အတွင်း ဖေဖော်ဝါရီ ၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ရေနံတွင်းလုပ်သားတစ်ဦး သေဆုံးပြီး ခုနစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသည့် မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ရွှေရာသီကုမ္ပဏီ PC လုပ်ကွက်အတွင်းရှိ ရေနံတွင်းအမှတ် PC ၂၈ ၌ ရေနံတွင်းလုပ်သား ရန်အောင်(၂၃)နှစ် ဆတ်သွားကျေးရွာ ရေစကြိုမြို့နယ်နေသူသည် ကရောင်းစက်ဖြင့် ရေနံတွင်းတူးနေစဉ် ရေနံကျင်းအတွင်းမှ မီးထွက်လောင်ကျွမ်းခဲ့သဖြင့် ရန်အောင်(၂၃)နှစ်၊ နိုင်လင်းထွန်း(၂၅) နှစ်၊ မစန်းအေး (၄၄)နှစ်၊ မျိုးငွေအောင် (၂၃)နှစ်၊ သက်နိုင်ဦး(၁၉)နှစ် တို့ ငါးဦးမှာ ဒဏ်ရာများပြင်းထန်စွာရရှိခဲ့သောကြောင့် ပြည်မြို့ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းဆေးကုသမှုခံယူလျက်ရှိပြီး ဆွေတင်၊ ဦးချစ်မောင်၊ ဇော်ထွန်းတို့မှာ သရက်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိနေသည်။

အဆိုပါ မီးလောင်မှုကြောင့် အောင်မိုးသူ (၂၀) နှစ်မှာ သေဆုံးခဲ့ပြီး တွင်းအမှတ် PC ၂၉၊ PC၂၃ တို့ရှိ ရေနံတူး ကရောင်းစက် နှစ်စုံ၊ ရေနံခပ်ကလပ်ခုံတစ်စုံနှင့် ခပ်ယူပြီး မိုးကာရေနံလှောင်ကန်များ မီးလောင်ဆုံးရှုံးခဲ့ရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ သရက်ရဲစခန်းက အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကိုကိုအောင်-သရက်)

ယာဉ်နှစ်စီးတိုက်မိရာမှ နောက်တွဲထွေလာတိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွား

ပြည် ဖေဖော်ဝါရီ ၄

ရန်ကုန်-ပြည် ကားလမ်းပိုင်းတွင် ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မျက်နှာချင်းဆိုင် မောင်းနှင်လာသည့် ယာဉ်နှစ်စီးချိတ်မိပြီး နောက်တွဲယာဉ်တိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် လှည်းမူးကျေးရွာ ကားလမ်း မိုင်တိုင်အမှတ်(၁၆၄/၇)အနီးတွင် ရန်ကုန်မှ ပြည်ဘက်သို့ ယာဉ်မောင်း သူရိန်လင်း (၃၀)နှစ် ပေါက်ခေါင်းမြို့နေသူ မောင်းနှင်လာသော (၂၂)ဘီး ထွေလာယာဉ်အမှတ် ၆ခ/--- သည် သံချောင်းများတင်၍ မောင်းနှင်လာစဉ် လမ်းကြောင်းတူ မျက်နှာချင်းဆိုင်ဘက်မှ ယာဉ်မောင်း ကျော်ထင် (၂၂)နှစ် နမ့်ဆန်မြို့နေသူ မောင်းနှင်သည့် ယူဒီ (၁၂)ဘီး အပြာရောင်ယာဉ်အမှတ် ၅ဂ/---၏ ဝဲဘက်ခြမ်းနှင့်ချိတ်မိခဲ့သဖြင့် သံချောင်းများတင်ဆောင်လာသည့် (၂၂)ဘီး နောက်တွဲထွေလာတွဲလော့ ဖုကျိုးသွား၍ တိမ်းမှောက်ကာ မီးလောင်ကျွမ်းခဲ့သည်။ အခင်းဖြစ်ပွားရာသို့ ရွှေတောင်မြို့နယ် မီးသတ်ဌာနမှ ယာဉ်နှစ်စီး၊ ရွှေတောင်ရေနံမြေမှ မီးသတ်ယာဉ်တစ်စီး၊ ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် သုံးစီးတို့ ရောက်ရှိကာ ပြည်သူများနှင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေတောင်ရဲစခန်းမှ (ပ)၂၄/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၇၉/၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

တာချီလိတ်မြို့နယ် အခါဆေးခန်းရွာ၌ မူးယစ်ဆေးဝါးနှင့် လက်နက်/ခဲယမ်းများ ဖော်ထုတ်သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၄

ဖေဖော်ဝါရီ ၄ ရက် နံနက် ၆ နာရီခန့်တွင် နယ်မြေခံ တပ်မတော်စစ်ကြောင်း၊ မူးယစ်အထူးတပ်ဖွဲ့များ၊ တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အခါဆေးခန်းရွာရှိ နေအိမ်တစ်လုံးအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဦးအားဆိုနှင့်အတူ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၊ ဘိန်းဖြူ ဂရမ် ၁၅၀၊ ဘိန်းမဲ ဂရမ် ၂၀၀၊ ကဖိန်း ဂရမ် ၁၅၀ ကာလတန်ဖိုးငွေကျပ် ၂၇၆၆၁၂၅၀ ၊ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၁၀၁၁၀၀၀၊ ရွှေထည်မျိုးစုံ ၁၄ ကျပ်သားခန့်၊ လက်နက်ငယ်မျိုးစုံ ငါးလက်၊ ကျည်မျိုးစုံ အတောင့် ၁၈၀၊ ကျည်အိမ်မျိုးစုံ ခြောက်ခုနှင့်အတူ စနိုက်ပါမှန်ပြောင်းတစ်ခုတို့ကို သိမ်းဆည်းရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အခါဆေးခန်းရွာရှိ နေအိမ်တစ်လုံးအတွင်းမှ ဖော်ထုတ်သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးနှင့် လက်နက်/ခဲယမ်းများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်တွင်းရေးရာ

ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော 2013 New Year Tournament (3 on 3) ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲများကို ဖေဖော်ဝါရီ ၃ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျိုက္ကဆံဘတ်စကက်ဘောခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ အမျိုးသား အသက် (၁၆)နှစ်အောက် ပြိုင်ပွဲတွင် အသင်းကိုးသင်း ယှဉ်ပြိုင်ကြရာ ပထမ The Dictator 2 အသင်း၊ ဒုတိယ Horizon အသင်း၊ တတိယ ဒဂုံ (၁)အသင်း၊ အမျိုးသမီးအသက် (၁၆)နှစ်အောက် ပြိုင်ပွဲတွင် လေးသင်း ယှဉ်ပြိုင်ရာ ပထမလမ်းမတော် (ခ) အသင်းနှင့် ဒုတိယလမ်းမတော် (က)အသင်း၊ အမျိုးသား အသက် (၁၈)နှစ်အောက် ပြိုင်ပွဲ၌ ခြောက်သင်း ယှဉ်ပြိုင်ရာ ပထမ Blank အသင်း၊ ဒုတိယ Team- 1အသင်းနှင့် တတိယ Vertical အသင်း၊ အမျိုးသမီးအသက် (၁၈)နှစ်အောက် ပြိုင်ပွဲ၌ သုံးသင်းယှဉ်ပြိုင်ရာ ပထမ 9 x - Tream နှင့် ဒုတိယ Super Stars အသင်း၊ အမျိုးသား အလွတ်တန်းပြိုင်ပွဲ၌ ငါးသင်းယှဉ်ပြိုင်ရာ ပထမ 0.31 အသင်း၊ ဒုတိယ KKS (A) အသင်းနှင့် တတိယ Douche Bags အသင်း၊ အမျိုးသမီး အလွတ်တန်းပြိုင်ပွဲ၌ သုံးသင်းယှဉ်ပြိုင်ရာ ပထမ မယ်ဗလအသင်းနှင့် ဒုတိယ Basketball Lover အသင်းတို့ အသီးသီးအနိုင်ရရှိကြရာ ပြိုင်ပွဲ အသီးသီး၌ အနိုင်ရရှိသောအသင်းများအား မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမြင့်သိန်းနှင့် ဒေါ်နုနုရီ၊ အဖွဲ့ချုပ်အတွင်းရေးမှူးနှင့် အမှုဆောင်များက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အား/ကာ)**

တံခါးလေးတော့ တပ်စေချင်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်အတွင်း ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းမကြီးဆုံရာတွင် တည်ရှိနေသော လျှပ်စစ်ဓာတ်အား ၅၀၀ မဂ္ဂါဝပ်အားရှိ ထရန်စဖော်မာသည် အဖွင့်၊ အပိတ်တံခါး လုံးဝမရှိဘဲ ဖြစ်နေပါသည်။**(အောက်ပုံ)** အခြားနေရာများတွင် ပြုလုပ်ထားသော ထရန်စဖော်မာများမှာ သံပေါင်အမြင့်များဖြင့် လည်းကောင်း၊ ကွန်ကရစ်တိုင် အမြင့်များဖြင့် လည်းကောင်း တည်ရှိနေကြပြီး ယင်းနေရာ၌ရှိသော အဆိုပါ ထရန်စဖော်မာမှာ လူလက်လှမ်းမီသဖြင့် အချို့ကလေးငယ်များ တွယ်တက်လျှင် သော်လည်းကောင်း၊ ဉာဏ်ရည်မမီ ရူးသွပ်သူများအတွက် သော်လည်းကောင်း၊ အချို့စည်းကမ်းမရှိ နမော်နမဲ့ ဈေးသည်များမှာ မိမိတို့၏အထုပ်များအား လက်လှမ်းမီ၍ ပစ်တင် သိမ်းဆည်းမိလျှင် သွယ်တန်းထားသော လျှပ်စစ်ဓာတ်အားကြိုးတန်းအား ကိုင်မိမည်ဖြစ်ပြီး အသက်အန္တရာယ်အတွက် လွန်စွာ စိုးရိမ်ရသဖြင့် ပြည်သူ့အကျိုးကို မျှော်ကိုး၍ ယင်းနေရာအတွက် သက်ဆိုင်ရာမှ အမြန်ဆုံးတံခါးလေးတော့ တပ်စေချင်ပါသည်။ **(စိုးဝင်း-MLA)**

အချိန်အခါမဲ့မိုး တောင်ယာလုပ်ငန်း အကျိုးဖြစ်ထွန်း

ကျိုင်းတုံ ဖေဖော်ဝါရီ ၄

ကျိုင်းတုံမြို့နယ်တွင် အချိန်အခါ မဟုတ်ဘဲ မိုးရွာသွန်းမှုကြောင့် တောင်ယာလုပ်ငန်း လုပ်ကိုင်ကြသူများ လုပ်ငန်းတွင်ကျယ်ပြီး အကျိုးဖြစ်ထွန်းစေခဲ့သည်ဟု သိရသည်။ မိုးရွာသွန်းမှုသည် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းမှ စတင်ခဲ့ပြီး နေ့စဉ် ကွက်ကျားမိုးအဖြစ် ရွာချနေခဲ့ရာ ဖေဖော်ဝါရီ ၃ ရက်တွင် ကျိုင်းတုံမြို့နယ် ကတ်တောင် ကျေးရွာအုပ်စုအနီး ဝန်းကျင်တွင် ဂေါက်သီးလုံးအရွယ် ပမာဏမိုးသီးများ ကြွေကျသည့်ဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးသီးများကြွေကျချိန်မှာ ညနေ ၄ နာရီခွဲခန့်ဖြစ်ပြီး လူနေအိမ်ခေါင်မိုးတချို့နှင့် TV စလောင်း၊ ဆိုလာပြားများ ထိခိုက်ပျက်စီးမှုရှိခဲ့သော်လည်း လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။ **(၅၁၃)**

ရန်ကုန်မြို့တွင်း စည်းကမ်းမဲ့ ယာဉ်ရပ်နားမှု တစ်ပြေးညီ အသိပေးနှိုးဆော်တားမြစ်သင့်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ကမာရွတ်မြို့နယ် ဟံသာဝတီကားပွဲစားတန်းဝင်းအတွင်း ညနေ ၆ နာရီမှ နံနက် ၆ နာရီအတွင်း မော်တော်ယာဉ်များ ညအိပ်ရပ်နားခြင်း၊ ဝင်းအပြင်ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းတစ်လျှောက်စည်းကမ်းမဲ့ရပ်နားခြင်းမပြုကြရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေအရ ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါရှိသည့် သတိပေးနှိုးဆော်ချက်ကို ဖေဖော်ဝါရီ ၃ ရက်ထုတ် မြဝတီသတင်းစာတွင် ဖတ်ရှုရရာ အလားတူ ရန်ကုန်မြို့တွင်း လမ်းဘေးများတွင် ယာဉ်ရပ်နားခြင်းအတွက် သတ်မှတ်နေရာများတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေသော မော်တော်ယာဉ်များကိုပါ တစ်ပြေးညီ အသိပေးနှိုးဆော်တားမြစ်သင့်သည်ဟု ယာဉ်မောင်းများကဆိုသည်။

ကုန်တင်ယာဉ်ကြီးများ သွားလာခွင့်မပြုဟုဆိုသော ကမ်းနားလမ်းဟောင်း (ကြည့်မြင်တိုင်ဟုန်းလမ်း လမ်းဆုံမှ ဗိုလ်တထောင်ထိ အပိုင်း)တွင် ကုန်တင်ယာဉ်များ၊ အဝေးပြေးကုန်စည်များ ဂိတ်ဖွင့်လုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ တရားဝင် ကုန်သေတ္တာတင်ယာဉ်စခန်းကြီးကို တောင်ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဖွင့်လှစ်ပြီးဖြစ်သော်လည်း ရန်ကုန်မြို့တွင်း ကားလမ်းမကြီးများဘေးတွင် ညစဉ်ရပ်နားနေခြင်းများကိုပါ သက်ဆိုင်ရာမှ ထိရောက်စွာ အရေးယူရန် လိုအပ်ကြောင်း လမ်းအသုံးပြုသူများက ဆိုသည်။

ခရီးသည်တင်ယာဉ်လိုင်းများ စည်းကမ်းဖောက်ဖျက်မှုနှင့် ပတ်သက်၍ တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များကို ယာဉ်တိုင်းတွင် ကပ်ထားပေးရန်နှင့် ယာဉ်စီးခနှုန်းထားများကို ပွင့်လင်းမြင်သာစွာ ဖော်ပြပေးမှသာ ခရီးသည်များအနေဖြင့် တိုင်ကြားနိုင်မည်ဖြစ်ကြောင်း၊ အထူးကားပုံစံအသွင်ဖြင့် ခရီးစဉ်ပိုင်းဖြတ်ဇယားမပါဘဲ ခရီးသည်များထံမှ ကားခပိုမိုကောက်ခံနေခြင်းများ ပပျောက်သင့်ပြီဟု ခရီးသွားများကဆိုသည်။ ယာဉ်ပိတ်ဆို့မှုကို အကြောင်းပြု၍ ခရီးစဉ်ပြောင်းလဲပြေးဆွဲခြင်းကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအရှိန်အဟုန်မြှင့်တင်နေသော ကာလမှာပင် ခရီးသည်များ တစ်မိုင်ဝန်းကျင် ခြေကျင်လျှောက်ခဲ့ရပြီး တိုင်ကြားသော်လည်း မည်ကဲ့သို့အရေးယူသည်ကို ယနေ့တိုင်မသိရှိရသေးကြောင်း တာမွေလမ်းကြောင်းအတိုင်း ပြေးဆွဲသော အထူးယာဉ် (၄၈) ယာဉ်လိုင်းဖြင့် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် ဆင်ရေတွင်းမှတ်တိုင်မှ ဘုရင့်နောင်ပွဲရုံနှင့် ကြို့ကုန်း၊ ပိတောက်လမ်းမှတ်တိုင်ဆင်းမည့် ခရီးသည်များကဆိုသည်။ **(မောင်စေအောင်)**

မိုး သတိပြု

EMD PUBLIC COMPANY
(အီးအမ်ဒီအများပိုင်ကုမ္ပဏီလီမိတက်)
ဖွဲ့စည်းတည်ထောင်ပြီးကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက် အမှတ်-၄၁၉၇/၂၀၁၂-၂၀၁၃ ဖြင့် EMD PUBLIC COMPANY LIMITED အား အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်ပါသည်။

၎င်းအများပိုင်ကုမ္ပဏီသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော တည်ဆောက်ရေးလုပ်ငန်းများနှင့် ကွန်ဒိုမီနီယံများ၊ ဆောက်လုပ်ပြီး ဒေသဖွံ့ဖြိုးမှုစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကာ ပြည်သူများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ကုမ္ပဏီ၏အစုရှယ်ယာရှင်များမှာလည်း အကျိုးအမြတ်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ အများပိုင်ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပါသည်။

တရားဝင်လုပ်ငန်း စတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate for Commencement of Business) ရရှိသည့်အခါ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသည့် တိုင်းရင်းသားပြည်သူများသို့ အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀၀၀၀/- (ကျပ်တစ်သိန်းတိတိ)ဖြင့် ဖိတ်ခေါ်ရောင်းချသွားမည် ဖြစ်ပါသည်။

EMD PUBLIC COMPANY LIMITED
လိပ်စာ-အမှတ်(၃၉/စီ)၊ ၃၆ လမ်း၊ ၆၃ လမ်းနှင့် ၆၄ လမ်းကြား၊
မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင် မြေမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၇၇၁၁၇

CHINESE NEW YEAR
"SPECIAL PROMOTION"

All Diamond Items 5% to 7%
All White Gold Items 3% to 8%

ONLY 10 DAYS

5 Feb 2013 to 15 Feb 2013

Diamond Plus
Gems & Jewellery

No.(114), Level(1), Junction Center (Maw Tin), Corner of Anawyahta Road & Lanmataw Township,Yangon, Myanmar;

ပခုက္ကူဆိပ်ကမ်း၌ ကုန်တင်မော်တော် ရာသီမရွေး အဝင်၊ အထွက်များ

ပခုက္ကူ ဖေဖော်ဝါရီ ၄

ပခုက္ကူမြို့သို့ ရေလမ်းခရီးမှ မြစ်ဝကျွန်းပေါ်ဒေသတစ်ခွင် ထွက်ရှိသော ဆန်များ ရာသီမရွေးတင်ပို့လျက်ရှိကြောင်း သိရသည်။ ယခုလို "နွေရာသီမှာလည်း ဆန်မော်တော်တွေ လာကြတယ်။ သဲသောင်ပြင်တွေကြောင့် သွားလမ်း၊ ပြန်လမ်းရက်ကြာပေမယ့် တန်ဆာခသက်သာတယ်လေ" ဟု ပခုက္ကူကုန်သည်တစ်ဦးက ပြောသည်။ မြောင်းမြ၊ မော်လမြိုင်ကျွန်း၊ ပုသိမ်မြို့ကြီးများမှ ဆန်မော်တော်ကြီးများသည် ပခုက္ကူဆိပ်ကမ်းသို့ နေ့စဉ်အဝင်၊ အထွက်ရှိသလို ပခုက္ကူမြို့မှလည်း ဆီးသီး၊ ထန်းလျက်၊ ပဲမျိုးစုံ တင်ဆောင်စုန်ဆင်းသော မော်တော်များလည်း နေ့စဉ်ပုံမှန်အထွက်ရှိနေကြောင်း သိရသည်။ ကုန်းလမ်းခရီးသည် အချိန်တိုတောင်းသော်လည်း ကားဂိတ်ကြေးများပြားခြင်း၊ လမ်းတံတားကြေး များပြားခြင်းအပြင် အလေအလွင့်နှင့် တန်ဆာခနှုန်းထားမှာလည်း ရေလမ်းခရီးထက် ပိုမိုများခြင်းတို့ကြောင့် ကုန်သည်ပွဲစားအများစုသည် ရေလမ်းခရီးကို အားထားနေရဆဲဖြစ်ကြောင်း သိရသည်။ မော်တော်တန်ဆာခမှာ ဝန်ကျစ်တစ်ပိဿာ ၂၅ ကျပ်ဝန်းကျင်နှင့် ဝန်ပေါ့ တစ်ပိဿာ ၁၈ ကျပ် ဝန်းကျင်ဖြစ်ပြီး ကားတန်ဆာခမှာ တစ်ပိဿာ ၄၅ ကျပ်နှုန်းရှိကြောင်း သိရသည်။ **(နေဦးမောင်- ပခုက္ကူ)**

ဗုဒ္ဓဓမ္မ ယဉ်ကျေးမှုဘာသာရပ် ပို့ချ

နေပြည်တော် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ထန်းတပင်(ဇီးကုန်း)၊ အောင်သိဒ္ဓိရပ်ကွက်နေ ဒေါ်မာရင်[၅/ကဘလ(နိုင်)၀၉၂၉၇၇]၏သားဖြစ်သူ မောင်ဇော်မင်းလေး[၅/ကဘလ(နိုင်)၁၃၀၉၁၈]သည် မိခင်အပေါ် စိတ်ထိခိုက်အောင် အမျိုးမျိုးပြုမူနေပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်မာရင်၊ ထန်းတပင် (ဇီးကုန်း)

စတုမဓူ

လူ့သက်တမ်းတွင် အနှစ်လေးဆယ် ပြည့်သည်နှင့် အနုတ်လက္ခဏာပြလာပြီ။ အမိန့်ရည်ကုန်ခမ်းအားအင် ချည့်နဲ့ကိုယ်ခံစွမ်းအားကျစပြုလာပြီ။ အနောက်တိုင်း၏ "အသက်လေးဆယ်မှ လူ့ဘဝစသည်"ဆိုသော စကားနှင့် တိုက်ဆိုင်နေပါသည်။ "အသက်ကို ဉာဏ်စောင့်" ဆိုစကားအတိုင်း ခန္ဓာအိမ်ကို ဉာဏ်သတိနှင့် စောင့်ရှောက်ပေးထားနိုင်ပါမှ တော်ကာကျမည့် "ငယ်ရွယ်မှုနှင့် ဇရာ" ကြား၏ စပ်ကူးမပ်ကူးကာလတစ်ခုဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများဆိုလျှင် အသက် (၆၀) ပြည့်သည်နှင့် မအိုမနေရ အိုလိုက်ကြရသည်။ နိုင်ငံ့တာဝန် ဝန်ထုပ်ဝန်ပိုးအောက်မှ လွတ်မြောက်လာခဲ့ရပြီးလည်း နောက်ထပ် မလွှဲမရှောင်သာ သေသည်အထိ ဆက်လက်ထမ်းဆောင်ကြရမည့် ဝန်ထုပ်ဝန်ပိုးမှာကား "ခန္ဓာ့ဝန်" ပင်ဖြစ်ပါသည်။ ခန္ဓာ့ဝန်ထမ်းဘဝလမ်းမှာ လောဘ၊ ဒေါသ၊ မောဟ၊ သမုဒယအဆွယ်အပွားလေးတွေနှင့် လေးလေးပင်ပင်ရှိမနေစေဖို့ ဉာဏ်သတိနှင့် ဆင်ခြင်သိမှ ဤကာလ စွဲစွဲမြဲမြဲမှီဝဲသင့်သည့် အစွမ်းထက် ဆေးတစ်မျိုးကို ညွှန်းလိုပါသည်။ သက်ရှည်ကျန်းမာ ဘုရား၊ ရဟန္တာ သူတော်ကောင်းများ သုံးဆောင်မြဲဖြစ်သော "စတုမဓူ" ဆေးပင်ဖြစ်ပါသည်။

ခန္ဓာ့ဝန်ထမ်းဘဝမှာ ကံအလုပ်ကို မနိုင်ဝန်မဖြစ်စေဖို့ ဉာဏ်သတိနှင့် ထိန်းကျောင်းပေးကာ "ဝန်" နှင့် "အား" မျှတပေ့ါပါးစေကြရသည်။

စိပ်ပုတီးမှအစပြု "အာနာပါန" ထိ ရှုပွားကာ စိပ်(နာမ်) ခန္ဓာကို နေ့၊ ည မပြတ် သန့်စင်ပေးကြရသည်။ အရာရာတွင် "ယောနိသောမနသိကာရ" သင့်တင့်မျှတနှလုံးသွင်းလျက် ဖြေလျှော့နေတတ်ဖို့ အထူးလိုအပ်ပါသည်။

အလျဉ်းသင့်၍ ဖော်ပြရလျှင် မိမိ၏မွေးရပ်မြေ မြောက်ဦးသည် တောတောင်ကြားတွင် တည်ရှိသော ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်။ ပူလွန်း၊ အေးလွန်း ရာသီဥတုကြမ်းသည်။ ငှက်ပေါသည်။ "ငှက်ဖျား"သည် တောတောင်စိမ့်စမ်း၊ မြစ်ချောင်းအင်းအိုင်ပေါများသော ရခိုင်ပြည်နယ်၏ သင်္ကေတ၊ ဒေသခံများ၏ ဖွားဖက်တော်၊ မိမိမှာ အဆုတ်အအေးမိ နမိုးနီးယားပါ အပိုဆောင်း လက်ဆောင်ရထားသည်။ အေးလွန်းသည့် ဆောင်းရာသီ ရောက်တိုင်း ငှက်နှင့် နမိုးနီးယားဒဏ် သေလုမြောပါး အလူးအလဲခံရသည်။ ရေရှည်တွင် ခံနိုင်ရည်မရှိ ဖြစ်လာခဲ့သည်။ ကံကြမ္မာ အလှည့်အပြောင်းမှာ "ဆံထုံးနောက်သျှောင်ပါ" ရန်ကုန်ရောက်လာပြီး ငှက်နှင့် အဆုတ်ဖျား မိမိအနားမှ အောင်မြင်စွာ အပြီးတိုင် ဆုတ်ခွာသွားကြသည်။ အပူ၊ အအေး သမမျှတသော ရန်ကုန်ရာသီဥတုသည် မိမိအတွက် အကောင်းဆုံးလက်ဆောင် ဖြစ်သွားသည်။ ခန္ဓာအိမ်အတွက် ဥတုရာသီမျှညီဖို့လည်း အထူးလိုအပ်ပါသည်။

တချို့အသီး၊ အရွက်၊ ပဲဟင်းစသည်တို့ကို ပင်တိုင်ထား သက်သတ်လွတ်စားကြသည်။ ပါစကခေတ်အားနည်းလာချိန် အစာအိမ်ကို သက်သာခွင့်ပေး ညနေစာရှောင်ကြသူများလည်း ရှိသည်။ ညနေစာရှောင်ခြင်းသည် ဘုရား၊ ရဟန္တာ သူတော်ကောင်းများ လျှောက်လှမ်းခဲ့သည့် လမ်းရိုးဟောင်းဖြစ်၍ အသက်အန္တရာယ် မရှိနိုင်ပါ။ အဓိကမှာ ခန္ဓာအိမ်မှလက်ခံပြီး ထောက်ကူပေးနိုင်မည့် အာဟာရဖြစ်ဖို့သာ လိုအပ်ပါသည်။ ဤသို့ဆိုလျှင် ခန္ဓာဝန်သည် မိမိနှင့်တကွ မိသားစုအတွက်ပါ ဝန်ထုပ်ဝန်ပိုးဖြစ်မလာနိုင်ဘဲ လွတ်လပ်ပေါ့ပါး ငြိမ်းချမ်းမှုအထိ ရှိနေပေလိမ့်မည်။

ခန္ဓာဝန်ထမ်းဘဝတွင် နိစ္စဓူဝ အမြဲမပြတ် မှီဝဲအပ်သည့် "စတုမဓူ" ဆေးဆိုသည်မှာ "ထောပတ်၊ နှမ်းဆီ၊ သကာ၊ ပျားရည်" ဤလေးမည်နှင့် ဖော်စပ်ပေးထားသော တိုင်းရင်းဆေးကား မဟုတ်ပါ။ "ကံ၊စိတ်၊ ဥတု၊ အာဟာရ" အကြောင်းတရားလေးပါးနှင့် လိုက်လျောညီထွေ နေထိုင်တတ်မှုပုံစံသည်သာ မိမိညွှန်းလိုရာ မဟာဩသဓ သဘာဝ အရင်းအမြစ် "စတုမဓူ" ဆေးအစစ်အမှန် ဖြစ်ကြောင်းပါခင်ဗျာ။

အောင်ကျော်ညို (ဆင်ချဆိပ်)

မြန်မာ့ရိုးရာ ထီးရိုးဝါးနှင့်ရေတွင်းတူးဖော်မှု နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာ၌ အောင်မြင်နေ

နောင်ချို ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာအုပ်စု၌ မြန်မာ့ရိုးရာထီးရိုးဝါးကို အသုံးပြုပြီး ရေတွင်းတူးဖော်ရာ သောက်သုံးရေများ ရရှိနေပြီဖြစ်သည်။ ထီးရိုးဝါးအား ချွန်၍ အနီးအနားတွင် ရေတစ်ပီပါထားရှိ အသုံးပြုပါက သုံးရက်အတွင်း ရေများထွက်ရှိကြသည်။ သုံးဆယ်မြို့တွင်း၌ ငါးတွင်းနှင့်လွယ်ခွင်ကျေးရွာတွင် ငါးတွင်းတို့ကို ရေအနက် ၃၃ ပေတွင် အောင်မြင်စွာ တူးဖော်ရရှိသည်။ ယခုကဲ့သို့ မြန်မာ့ရိုးရာဓလေ့ ထီးရိုးဝါးဖြင့် ရေတွင်းတူးဖော်နိုင်၍ ငွေကုန်ကြေးကျ များစွာသက်သာသဖြင့် ကျေးလက်ပြည်သူများ ဝမ်းသာနေကြကြောင်း သိရသည်။ (၂၄၂)

မလေးရှားရောက် မြန်မာများ မိသားစုထံ ငွေလွှဲနိုင်ပြီ

တောင်ကြီး ဖေဖော်ဝါရီ ၃

မလေးရှားရောက် မြန်မာအလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံရှိ မိသားစုများထံသို့ ငွေလွှဲပို့ပါက မြန်မာ့စီးပွားရေးဘဏ်နှင့် အကျိုးတူဆောင်ရွက်နေသည့် may Bank နှင့် ၎င်းတို့၏ ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်တွင်းရှိ စီးပွားရေးဘဏ်ရှိသည့် မည်သည့်မြို့မဆို လွှဲပို့နိုင်ကြောင်းနှင့် ငွေလွှဲပို့သည့်နေ့တွင်ပင် နိုင်ငံခြားငွေနှင့် တန်ဖိုးခြင်းညီမျှသည့် မြန်မာကျပ်ငွေကို နေ့ချင်းပြီး ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်များတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

စစ်ကိုင်းမြို့မဈေးသို့ ထိုင်ဝမ်ပြောင်းဖူးများ လှိုင်လှိုင်ဝင်

စစ်ကိုင်း ဖေဖော်ဝါရီ ၃

စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာမှ ထွက်ရှိသော ထိုင်ဝမ်ပြောင်းဖူးနှင့်ထောပတ်ပြောင်းဖူးများ အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး တစ်ဖူးလျှင် ကျပ် ၅၀၊ ၇၀ ဈေးသာရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

ပြောင်းဖူးများ သယ်လာသော ထော်လာဂျီမှ ပြောင်းဖူးစိုက်တောင်သူဖြစ်သူ ဆင်တပ်ကျေးရွာနေ ဦးဝင်းဆောင်က "တစ်ဧကလျှင် မျိုးစေ့သုံးထုပ် စိုက်ပျိုးကြကြောင်း၊ ဆီးမနစ် မျိုးစေ့တစ်ထုပ်ကို ကျပ် ၁၆၀၀၀ ခန့်ရှိပြီး စိုက်ပျိုးရက်မှာ သုံးလရှိကြောင်း၊ ဆင်တပ်ကျေးရွာတွင် ဧက ၆၀ ခန့် စိုက်ပျိုးကြကြောင်း၊ ဆင်တပ်မြစ်ရေတင်စီမံကိန်းနှင့် ကိုယ်တိုင်တွင်းများ အသုံးပြုပြီး စိုက်ပျိုးကြကြောင်း၊ ရေလုံလောက်စွာရရှိပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ကြောင်း၊ ထောပတ်ပြောင်းဖူးနှင့် နှိုင်းယှဉ်လျှင် ထိုင်ဝမ်ပြောင်းဖူးမှာ အရောင်းသွက်လျက်ရှိကြောင်း" ပြောကြားသွားသည်။

(စစ်ကိုင်းခရိုင်ပြန်/ဆက်)

ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့်ဆုမွန်ကောင်းတောင်းခြင်း

ယူနိုက်တက်အမရဘဏ်၏ (၁၃) ဘဏ်မြောက်ဘဏ်ခွဲဖြစ်သော ပြည်ဘဏ်ခွဲကို ၄.၂.၂၀၁၃ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာတိုင် လုပ်ငန်းများရေရှည်တည်တံ့ပိုမို တိုးတက်အောင်မြင်ပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

iRevo
- iRevo Computer Store & Service Care
- ဦးဇေယျာစိုး Venus Design & Decoration Group
- ဦးအောင်မြတ်ခိုင် Thiri Myintzu Group Co.,Ltd
- ဦးဉာဏ်ဝင်း သူရိယစန္ဒာဝင်းကုမ္ပဏီလီမိတက်
- ဦးမြင့်ဇော် Mectronic Electronic & Engineering
- Future Telecom Development Co.,Ltd

MIT Beyond Innovation
- Myanmar Information Technology Pte.,Ltd
- Super Power Electric Industry Co.,Ltd
- San Taw Win Security System Specialist
- ဦးမိုးကျော်အောင် Smart Power Engineering Group
- Khin Maung Nyunt Trading Co.,Ltd
- ဗဟို ပိုက်ဆက်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး (စော်ဘွားကြီးကုန်း)

အခန်းဆက်ဝတ္ထု

(ယမန်နေ့မှအဆက်)

နှင်းငွေသည် ဦးမြတ်မင်းကို အဓိပ္ပာယ်လေးနက်စွာနှင့် ကြည့်သည်။ ဦးမြတ်မင်းကလည်း သူ့ကိုပြန်စိုက်ကြည့်နေ၏။

ဦးမြတ်မင်းသည် ကြေကွဲစွာပြုံး၏။ ခေါင်းလည်း တဆတ်ဆတ် ညိတ်သည်။

"တကယ်လို့ ပြန်လာသေးရင်တော့၊ အင်း . . . ဦး သဘောပေါက်ပြီ၊ တကယ်လို့ ပြန်လာသေးရင်တော့ . . .

နေဦး၊ ဦးက မောင်ရင့်စကားကို ပြန်ဖြည့်ရမယ်၊ ဆရာဝန်ဖြစ်ပြီး တစ်နှစ်တိတိ ပြည့်တဲ့အခါမှာ ပြန်လာခဲ့ပါ"

"ဘာကြောင့် ဆရာဝန်ဖြစ်ပြီး တစ်နှစ်တိတိပြည့်မှပါလဲ ဦး"

"ဘာကြောင့်လဲ မမေးနဲ့လေ၊ ဆရာဝန်ဖြစ်တာက တစ် ကဏ္ဍ၊ ဆရာဝန်ဖြစ်ပြီး တစ်နှစ်ဆိုတာက တစ်ကဏ္ဍ၊ အဲဒီတစ်နှစ်အတွင်းမှာ လွန်ခဲ့ပြီးတဲ့ ဆယ်နှစ်တုန်းကထက် စဉ်းစားစရာတွေကို မောင်နှင်းငွေ ကြုံရလိမ့်မယ်၊ အဲဒီ တစ်နှစ်ကျော်ရင်တော့ ပြန်လာခဲ့ပါ"

နှင်းငွေသည် ခေတ္တစဉ်းစား၏။

ထို့နောက် သန္နိဋ္ဌာန်ချလျက် ကတိပေးသည်။

"ကောင်းပါပြီ၊ ကျွန်တော် ကတိတည်ပါ့မယ်၊ ဦး ကတိကိုလည်း ကျွန်တော် ယုံကြည်ပါတယ်"

"ယုံပါ မောင်နှင်းငွေ၊ တစ်ခုတော့ရှိတယ်၊ ဒီအတော အတွင်း ပြန်မလာပါနဲ့၊ ပြန်လာလို့လဲ ဦးကိုရော နုနုငယ်ကိုပါ ဒီအိမ်ကြီးမှာ မောင်နှင်းငွေ မတွေ့နိုင်ပါဘူး"

"ဦး ဘာကို ဆိုလိုပါသလဲ"

"အလွယ်တကူ ပြောကြရအောင်၊ ဒီအိမ်ကြီးဟာ ကျိန်စာသင့်နေတဲ့ အိမ်ကြီးပဲ မောင်နှင်းငွေ၊ ကျိန်စာသင့်မှ သာဒီအိမ်ဆီ ပြန်လာကြတယ်၊ မကြာမီ ဦးရော နုနုငယ်ရော ဒီအိမ်ကြီးက ထွက်သွားကြရလိမ့်မယ်ထင်တယ်၊ မသောင်းနု မပါတော့ဘဲ ထွက်သွားကြရလိမ့်မယ် ထင်တယ်၊ ဒီအိမ်ကြီးဆီ သမီးနဲ့ ဦးဟာ ပြန်မလာရပါစေနဲ့လို့ ဆုတောင်းတယ်၊ အင်းလေ ဘာပဲဖြစ်ဖြစ် ကတိပေးထားတဲ့အချိန်မှာ မောင်နှင်းငွေကို ဦး တွေ့ဖြစ်အောင် တွေ့ပါ့မယ်၊ ကဲ ပြန်ပေဦးတော့"

နှင်းငွေသည် နေရာမှ မထခင် နောက်ဆုံးတောင်းပန်ခြင်းကို ပြု၏။

"ကျွန်တော့်ကတိကို ကျွန်တော်တည်ပါ့မယ် ဦး၊ ဒါပေမယ့် ဒီည ကျွန်တော်မပြန်ခင် နုနုငယ်နဲ့ စကားပြောပါရစေ၊ ခဏလေးဖြစ်ဖြစ်ပါ၊ ဦး ကျေနပ်သလောက် ခွင့်ပြုပါ"

ဦးမြတ်မင်းသည် ခေတ္တငိုင်သွား၏။ အတန်ကြာမှ ခေါင်းညိတ်သည်။

"ကောင်းပြီ၊ နှစ်မိနစ် ခွင့်ပြုတယ်၊ မောင်နှင်းငွေ ခြံထဲက ဆင်းစောင့်ပါ"

ဦးမြတ်မင်းက ငွေမောင်းကို ထုလိုက်၏။

ဥမ္မာဟု ဦးမြတ်မင်းခေါ်သော ဦးကံရာဇာ၏ဇနီးသည် အခန်းတွင်းသို့ ဝင်လာ၏။

ဥမ္မာ သူ့ကို ရေတွင်းနားဆီ ခေါ်သွား၊ ကြားလား"

ဒေါ်ဥမ္မာက ခေါင်းညိတ်ပြီး နှင်းငွေကို လှမ်းကြည့်၏။

နှင်းငွေသည် ဒေါ်ဥမ္မာ၏ နောက်သို့ လိုက်လာခဲ့၏။

ကောင်းကင်၌ လပြည့်ဝန်းသည် ပြည့်ပြည့်တင်းတင်းသာနေ၏။ မြူဝန်းလေသောကြောင့် အလွန်အမင်းကား မထိန်လွန်း၊ ရီဝေရီမှောင်ဟုလည်း မဆိုနိုင်။ နွေညသည် ပြာပြာလဲ့လဲ့ လင်းနေ၏။

ခြံလယ်ရှိ ရေတွင်းအနီးသို့ရောက်သောအခါ ဒေါ်ဥမ္မာက လက်ပြသောကြောင့် နှင်းငွေရပ်လိုက်၏။

ဒေါ်ဥမ္မာအိမ်ကြီး၏ အရိပ်ဆီ ခိုဝင်ပျောက်ကွယ်သွားသည်။ ရေတွင်းဘေး၌ နှင်းငွေတစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

နွေကန္တာဦး

တက္ကသိုလ်

ဘုန်းနိုင်

> "ဘယ်သားဟာ ဘယ်အမေနဲ့ ခွာသွားချင်ပါ့မလဲ၊ ဘယ်အမေကလဲ ဘယ်သားနဲ့ခွဲခွာချင်ပါ့မလဲ၊ ဒါပေမယ့် ဟောဒီခေတ်ဆိုးကြီးမှာတော့ ခွဲခွာကြရတယ် သူငယ်ချင်း၊ တို့တောရွာတွေမှာ ခွဲခွာနေကြရတယ်၊ ငါလဲ ခွဲခွာရတော့မယ်၊ အခုလို ခွဲကြရတာကမှ မျှော်လင့်ချက်ရှိတဲ့ ရှင်ကွဲ၊ အမေနဲ့ ငါတွေ့ပြီးပြီ၊ အမေကလဲ ခွင့်ပြုလိုက်ဖြီ"

အရှေ့ဘက်၌ ရှမ်းရိုးမကြီးသည် မည်းမည်းမှောင်မှောင် ဝပ်စင်းလဲလျောင်းနေ၏။ မှောင်မည်းသော ရှမ်းရိုးမထက်တောမီးတို့က တညီးညီး တရှိန်ရှိန် လောင်နေ၏။

ခပ်လှမ်းလှမ်းရှိ ခင်တန်းဆီမှ ဥဩမြည်သံကို ကြားရ၏။

နွေပါလေ . . . နွေကန္တာဦးမှာပါပဲရယ်လေ။

ဥဩသည် သတိပေးနေပါလေသလော။

ဆယ်ကိုက်ခန့်အကွာရှိ ကန္တာရပင်တို့က လေတွင် လှုပ်ရှားနေကြ၏။

ကန္တာရပင်တန်းကို ကျောပေးလျက် ဖြူဖွေးသော သဏ္ဌာန်လေးတစ်ခုသည် ဖြည်းညင်းစွာလျှောက်လာနေ၏။ အရိပ်တို့ကို လွန်လေသောအခါ ဖြူဖွေးသောမျက်နှာလေးကို အရင်မြင်ရ၏။ ထို့နောက် ဖားလျားချထားသည့် နက်မှောင်သော ဆံပင်များ။

နုနုငယ် . . . ဩော် ကိုယ်ချစ်ရလေသည့် နုနုငယ်။

သူက လက်နှစ်ဖက်ကို ဆန့်တန်းရင်း နုနုငယ်ဆီ လျှောက်သွား၏။

နုနုငယ်ဆီမှ လက်ကမ်းမလာ၊ နေရာ၌သာ ရုတ်ချည်းရပ်သွား၏။

သူလည်း ရပ်သွား၏။ ဆန့်တန်းထားသော လက်များကို မရုပ်မိဘဲ ရပ်သွားမိ၏။

"နုငယ် ကိုယ့်ကို နှုတ်မဆက်တော့ဘူးလား"

နုနုငယ်ထံမှ အဖြေမရ။

သူက ရှေ့တိုးသွား၏။ နုနုငယ်က နောက်သို့ ဆုတ်၏။

သူက ရပ်လိုက်၏။ ချစ်လှသူကလေးကို ကြေကွဲစွာငေးကြည့်ရင်း ရပ်လိုက်၏။

"နုငယ်ရယ်၊ နုငယ်နား ကိုမလာစေချင်ရင် မလာပါဘူး၊ ဒါပေမယ့် ကို့ကို စကားတစ်လုံးလောက်တော့ ပြောပါဦး နုငယ်ရယ်"

နုနုငယ်သည် ငြိမ်နေ၏။ ထို့နောက် ရှေ့သို့တစ်လှမ်းတိုးလာ၏။ သူကလည်း ရှေ့တိုးသွားချင်၏။သို့ရာတွင် နုနုငယ် နောက်ပြန်ဆုတ်သွားမည် စိုးသောကြောင့် ခြေမလှမ်းရဲ၊ ငြိမ်၍သာ နေရ၏။

တုန်ယင်လေသလော၊ မတုန်ယင်လေသလော သူ သတိမပြုမိ။ ရင်ဝယ်လှိုင်းခတ်စေသော အသံကလေးကိုသာ ကြားမိရသည်။

"ကိုရေ . . . သွားတော့၊ နုငယ် နှုတ်မဆက်ဘူး၊ ပြန်လာ ကို၊ နုငယ် မျှော်နေပါ့မယ်"

မျက်နှာလေးကို လက်ဝါးဖြင့်အုပ်ပြီး နုနုငယ်သည် ချာခနဲ လှည့်ကာ ကန္တာရပင်များဆီသို့ ထွက်ပြေးပျောက်ကွယ်သွား၏။

သူက ငြိမ်နေသည်။ အသက်မရှူဘဲ ငြိမ်ရပ်နေသည်။ မျက်စိကို မှိတ်ထားပြီး ငြိမ်ရပ်နေသည်။

မျက်စိကို ဖွင့်လိုက်သောအခါ တစ်လောကလုံးသည် လျှပ်ပြက်သကဲ့သို့ လက်နေ၏။ လျှပ်တို့သည်သာ ပြက်နေ၏။ တစ်လောကလုံးသည် ဘာမျှ မသဲကွဲ၊ မသဲကွဲ။

သူက ခြံတွင်းမှ လေးပင်စွာ ထွက်လာခဲ့သည်။

တံခါးကြီးကို မည်သူဖွင့်ပေးသနည်း။

ဦးကံရာဇာလော၊ ဒေါ်ဥမ္မာလော မသိ . . . မသိ။

ခြံပြင်ရောက်မှ သူတစ်ခုကို သိသည်။

သူ့မျက်လုံး၌ မျက်ရည်တို့ ပြည့်နေ၏။

မျက်ရည်ပေါက်တို့က သူ့ပါးတွင် လိမ့်ဆင်းနေလေ၏။

ဘခက်တို့၏ တဲသို့ သူပြန်ရောက်ချိန်၌ တစ်တဲလုံးမှောင်နေသည်။

ဘခက်ပြန်ရောက်သေးဟန် မတူ။ကြီးတော်မြလည်း ဘုန်းကြီးကျောင်း၌ အိပ်ပြီ ထင်သည်။

နှင်းငွေသည် မီးဖိုခန်းသို့ စမ်း၍ ဝင်ခဲ့သည်။ အမှတ်ထားမိသောကြောင့် မီးခြစ်ကို စမ်းမိ၏။ မီးခြစ်ခြစ်ပြီး ရေနံ့ဆီမီးအိမ်ကို ညှိသည်။

ရေနံ့ဆီမီးအိမ်ကို သုံးလျက် နှင်းငွေသည် ပစ္စည်းများကို ထုပ်ပိုးသည်။

ပြန်တော့မည်။ ပြန်ရတော့မည်။

ထိုစဉ် အိမ်ရှေ့မှ ခြေသံကြားရ၏။

လှည့်ကြည့်လိုက်သော နှင်းငွေသည် ဝင်လာသော ဘခက်ကို မြင်ရ၏။

"ဟေ့ကောင် နှင်းငွေ မင်းဘာလုပ်နေတာလဲ"

"ဩော် . . . ဘခက် မင်းပြန်လာပြီကိုး၊ အေး . . . ငါ နက်ဖြန်ပြန်မလို့ သိမ်းဆည်းနေတယ်"

"မင် တကယ်ပြောတာလား"

"တကယ်ပြောတာ"

"ဟေ . . . ဒီလိုဆိုရင် ဝမ်းသာစရာကြီးပဲ၊ နှင်းငွေ ငါလဲ မင်းနဲ့အတူ ရန်ကုန်လိုက်ခဲ့မယ်"

"ဘာပြောတယ် ဘခက်"

"ပြီးတော့မှ ပြောမယ်ကွာ၊ငါလဲ ထုပ်ပိုးပြင်ဆင်လိုက်ဦးမယ်"

ဘခက်သည်လည်း သူ့ပစ္စည်းများကိုသူ သိမ်းယူစုဆောင်းထုပ်ပိုးလျက် အလုပ်များနေ၏။

ကိုယ့်အလုပ်ကိုပြီးစီးကြမှ သူငယ်ချင်းနှစ်ဦးသည် တဲရှေ့ကွပ်ပျစ်၌ ထိုင်မိကြ၏။

"ဘခက် မင်းက ရန်ကုန်ကို ဘာဖြစ်လို့လိုက်မှာလဲ"

"ရွာမွန်သာကို စွန့်ချင်လို့ပေါ့ကွာ၊ အင်းလေ . . . ခဏ ခွာတယ် ပြောရအောင်"

"မင်းက ရွာမွန်သာကို ဘာလို့ ခွာမှာလဲ"

"မနေ့ညက ကျည်ဆန်တွေကို မေ့သွားမလား နှင်းငွေ၊ ငါဒီမှာ ဘယ်လိုလုပ် ဆက်နေနိုင်ပါ့မလဲ၊ သူတို့က ငါ့ကို ရှေးခိုင်းတယ်၊ ငါ ဒီမှာဆက်နေမလား၊ ဒါမှမဟုတ် မင်း မှတ်မိသေးလား၊ မင်းရယ် ငါရယ် အမေရယ် ညွန့်မေရယ် တို့အကာအကွယ်ပေးလိုက်ရတဲ့ လူတစ်ယောက်ဟာလေ"

"အေး . . . ငါမှတ်မိတယ်"

"အဲ . . . အဲဒီလူလို တောထဲသွားမလား၊ ခက်တာက တောငါမသွားနိုင်ဘူး၊ တောထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ငါ အသိဆုံးပဲ၊ ဒါပေမယ့် ရွာမှာလဲ ငါ ဆက်နေခွင့် မရှိတော့ဘူး၊ ငါ သွားစရာဟာ တစ်နေရာပဲ ရှိတော့တယ် နှင်းငွေ၊ ဒီနေရာကို သွားဖို့ကလဲ မလွယ်ဘူး၊ ဒါကြောင့် ငါ တစ်စုံ တစ်ယောက်နဲ့သွားတိုင်ပင်တယ်၊ သူ့ဆီ ငါရောက်တော့ သူက ငါ့တဲလာနေတယ်၊ ညနေစောင်းမှပဲ သူနဲ့ ငါနဲ့ တွေ့ရတယ်၊ အခု သူ့ဆီက အကူအညီရပြီ၊ ငါ ရန်ကုန်ကို သွားတော့မယ်"

"မင်း ရန်ကုန်ကို သွားတော့ မင်းအမေ ဘယ်သူနဲ့နေခဲ့မလဲ"

ဘခက်သည် ခေတ္တခေါင်းငိုက်ကျသွား၏။ ပြီးမှ လေးလေးဆိုသည်။

"ဘယ်သားဟာ ဘယ်အမေနဲ့ ခွာသွားချင်ပါ့မလဲ၊ ဘယ်အမေကလဲ ဘယ်သားနဲ့ခွဲခွာချင်ပါ့မလဲ၊ ဒါပေမယ့် ဟောဒီခေတ်ဆိုးကြီးမှာတော့ ခွဲခွာကြရတယ် သူငယ်ချင်း၊ တို့တောရွာတွေမှာ ခွဲခွာနေကြရတယ်၊ ငါလဲ ခွဲခွာရတော့မယ်၊ အခုလို ခွဲကြရတာကမှ မျှော်လင့်ချက်ရှိတဲ့ ရှင်ကွဲ၊ အမေနဲ့ ငါတွေ့ပြီးပြီ၊ အမေကလဲ ခွင့်ပြုလိုက်ပြီ"

"မင်းအမေက ခွင့်ပြုလိုက်ပြီ၊ မင်းအမေက ဘယ်သူနဲ့နေမှာတုန်း"

"အမေ့အတွက် ရွာမှာနေစရာတွေရှိပါတယ်၊ ညွန့်မေနဲ့ သူ့ဒေါ်လေးက အမေ့တာဝန်ကို ယူလိုက်ကြပြီ၊ ငါ့ဆိတ်တွေကိုတော့ ကိုဖိုးထီနဲ့ သာနုတို့ ကြည့်လုပ်ပေးကြမယ်၊ ကဲကွာ အမေးအမြန်းမထူနဲ့၊ လာ သွားအိပ်ကြရအောင်၊ တို့ စောစောထကြရဦးမယ်"

ဘခက်သည် တဲတွင်းသို့ ဝင်သွား၏။ နှင်းငွေက လိုက်ခဲ့၏။

"ဟေ့ကောင်ဘခက်၊ ဒီလိုတော့ မတင်မကျ မလုပ်နဲ့ကွာ၊ မင်းရန်ကုန်ကို ဘာလိုက်လုပ်မလို့တုန်း"

"ဩော် . . . မြို့ပိုင်သား၊ အဲလေ ခရိုင်ဝန်သားက တယ်အမေးအမြန်းထူသကိုး၊ ကဲ ရော့ ရော့၊ ဒီမှာကြည့်"

ဘခက်သည် အိတ်တွင်းမှ စာတစ်စောင်ကို နှိုက်၍ လှမ်းပေးသည်။

စာသည် ထောက်ခံစာတစ်စောင် ဖြစ်၏။ ဝတ်ကျေဝတ်ကုန်ရေးထားသော သာမန်ထောက်ခံစာ မဟုတ်။ အသေးစိတ် ပြည့်စုံသည်။ ရဲဝံ့ပြတ်သားသည်။ အာမခံမှု ခိုင်မာသည်။ အာမခံစာအဆုံးမှ လက်မှတ် ကား . . .

ထွန်းသောင်

ရဲမှူး၊ သာစည်

(ယခင် တပ်ကြပ်ရဲမောင်၊ တပ်ရင်း ၈၆၊ တိုင်း ၂၊ ကျော်ခေါင်ဗလ တပ်ဖွဲ့)

(ဆက်လက်ဖော်ပြပါမည်)

Happy Chinese New Year!
ငွေကျားတိုက် အလှဆင်မီးပန်းဆိုင်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးအရောင်းပြခန်း
10%~30%
3 days Only
Great Sale by OPPLE
6.2.2013 ~ 8.2.2013
ရန်ကုန် - အမှတ် ၄,၅,၆၊ အဆောင်(C) ပုလဲကွန်ဒို၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း- ၀၁-၅၅၅၁၅၅ ၊၅၅၉၄၃၃။
အမှတ် G-၁၃/၁၄၊ အောင်ဆန်းကွင်းအနောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း- ၀၁-၃၇၁၅၃၃ ၊၃၉၄၈၂၁။
အဆောင် (D)၊မြေညီထပ်၊ (9/9A/10)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း- ၀၁-၈၆၀၄၀၄၀ ၊ ၅၅၁၃၃၉။
မန္တလေး - အမှတ် (၂၆၇)၊ ၂၆ လမ်း၊ ၈၃-၈၄ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း- ၀၂-၉၁၀၀၇၈၀၈ ၊၃၄၉၅၇။

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာအမှတ်(၁/၂၀၁၃)
လေယာဉ်မောင်/လေယာဉ်မယ် လျှောက်လွှာခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ လူပျို/အပျို ဖြစ်ရမည်။ အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။

(ခ) ၃၁-၃-၂၀၁၃ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၂)နှစ်ထက်ကျော်လွန်သူ မဖြစ်စေရ။

(ဂ) လေယာဉ်မောင် အရပ် ၅ ပေ ၆ လက်မ၊ လေယာဉ်မယ် အရပ် ၅ ပေ ၄ လက်မနှင့် အထက် ရှိသူဖြစ်ရမည်။

(ဃ) အရပ်နှင့်ကိုက်ညီသော ကိုယ်အလေးချိန်ရှိရမည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ မျက်မှန်နှင့် မျက်ကပ်မှန်တပ်ဆင်သူမဖြစ်ရပါ။ (စစ်ဆေးမှုရှိမည်။)

(စ) အင်္ဂလိပ်စာအရေး/အပြော သင့်တင့်စွာ တတ်ကျွမ်းနားလည်ရမည်။ (စစ်ဆေးမှုရှိမည်။)

(ဆ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)ပူးတွဲတင်ပြရမည်။

(ဇ) မြန်မာနိုင်ငံအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပထမနှစ်အောင်မြင်ပြီးသူဖြစ်ရမည်။ သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်၏ ပထမနှစ်အောင်မြင်ပြီးကြောင်းထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။

(ဈ) အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံရေးကင်းရှင်းရမည်။ (သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။)

(ည) နိုင်ငံသားစိစစ်ရေးကတ်နှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

(ဋ) ရေကူးတတ်ကျွမ်းသူဖြစ်ရမည်။ (စစ်ဆေးမှုရှိမည်။)

(ဌ) မြန်မာ့လေကြောင်း၌ အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်ထားလိုသူများသည် မိမိလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲ၍ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်မှ မတ်လ ၂၈ ရက်အထိ မြန်မာ့လေကြောင်း(ရုံးချုပ်) အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့နှင့် နယ်မြန်မာ့လေကြောင်း ဌာနခွဲရုံးများသို့ လူကိုယ်တိုင် လာရောက်ပေးပို့ရမည်။

(က) ရှေ့တည့်တည့်နှင့် ညာဘက်ဘေးမှ ရိုက်ကူးထားသည့် တစ်ကိုယ်လုံးပုံ ပို့စ်ကတ်ဆိုဒ် အရွယ် (၅" ၇")(၁)ပုံစီ (၂)ပုံ

(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း

(ဃ) (၁၀)တန်းအောင်လက်မှတ်မူရင်း

၃။ အရည်အချင်းပြည့်မီသူများအား ၁၁-၃-၂၀၁၃ ရက်မှစတင်၍ ရန်ကုန် မြန်မာ့လေကြောင်း (ရုံးချုပ်)နှင့် မန္တလေး မြန်မာ့လေကြောင်း ဌာနခွဲတို့တွင် လူတွေ့စစ်ဆေးမည်ဖြစ်၍ မိမိတို့၏ လျှောက်လွှာများတွင် ဖြေဆိုလိုသည့် ဒေသကိုပါ ဖြည့်စွက်ပေးရမည်။

မြန်မာ့လေကြောင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

အခန်း(၉၀၂/၉၀၄)၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ (UMFCCI)ဖုန်း-၉၅၁-၂၁၈၄၅၁၊ ၉၅၁-၂၃၀၀၁၅၉၊
ဖက်စ်-၉၅၁-၂၁၈၄၅၁၊ ၉၅၁-၂၃၀၀၁၅၉
Email-mgjeaygn@gmail.com

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်(နေပြည်တော်)တွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လုပ်ငန်းအမျိုးအစား - နေပြည်တော်ဇမ္ဗူသီရိမြို့နယ်ရှိ ကျောက်စိမ်းဥယျာဉ် (Jade Garden) အပိုင်း(၃)၊ မြေအကျယ်အဝန်း (၃. ၄)ဧကခန့်အား မြေညှိမြေဖို့ခြင်းလုပ်ငန်း

(ခ) တင်ဒါပေးသွင်းရမည့်နေ့ရက်/အချိန် - ၈-၂-၂၀၁၃ (သောကြာနေ့) ၈း၀၀ နာရီမှ ၁၆း၀၀ နာရီထိ

(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၊ မဏိရတနာကျောက်စိမ်းခန်းမ၊ ရာဇသင်္ဂဟလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

(ဃ) ၈-၂-၂၀၁၃ ရက် ၈း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ပေးသွင်းထားသော တင်ဒါပုံစံများကို ၎င်းနေ့ ၁၆း၀၅ နာရီတွင် တင်ဒါရွေးချယ်ရေးအဖွဲ့ဖြင့် မဏိရတနာကျောက်စိမ်းခန်းမ၌ ဖွင့်ဖောက်စစ်ဆေးပြီး တင်ဒါအောင်သူကို ကြေညာပေးပါမည်။

(င) ဈေးနှုန်းတင်သွင်းလွှာပုံစံနှင့်စည်းကမ်းချက်များကို မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်(နေပြည်တော်) မဏိရတနာကျောက်စိမ်းခန်းမတွင် တစ်စောင်လျှင်ကျပ် ၅၀၀၀ိ/- နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(စ) အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်း-၀၁-၂၁၈၄၅၁ နှင့် ၀၆၇-၄၃၂၃၈၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ကျောက်ပန်းတောင်းမြို့နယ်အသင်း
(ရန်ကုန်)
ဂုဏ်ဝိသိဋ္ဌပူဇော်ပွဲ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ အထက်ပါပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရှိ ကျောက်ပန်းတောင်းမြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အဝေးရောက်ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ခံရသူများ၊ ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) ဖုန်း-၀၁-၅၅၉၄၇၂၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း (ငြိမ်း) ဖုန်း-၀၁-၄၃၀၃၃၅၊ ဦးရဲညွန့် ဖုန်း-၀၁-၅၄၈၈၃၈၊ ဦးမြင့်လွင် ဖုန်း-၀၁-၅၁၀၄၅၂၊ ဦးမောင်မောင်လှ ဖုန်း-၀၁-၂၄၀၀၄၇ တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

နေ့ရက် ။ ။ ၁၁-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
အချိန် ။ ။ ၁၂း၀၀ နာရီ
နေရာ ။ ။ အကောက်ခွန်ဓမ္မာရုံ

အလုပ်အမှုဆောင်အဖွဲ့

ရန်နိုင်သစ်

မဂ္ဂဇင်း

စာပေအနုပညာနှင့် နိုင်ငံတကာရေးရာ

ပင်လုံစာချုပ်၊ ဖက်ဒရယ်မူနှင့် ၂၀၀၈ ဖွဲ့စည်းပုံ၊ တကာသဖြိုခွဲမှုနှင့် ဗိုလ်မှူးချုပ်အောင်ကြီး၊ နိုင်ငံရေး ပရဟိတနှင့်လူငယ်၊ နိုင်ငံရေးပါတီများနှင့် ၂၀၁၃ နိုင်ငံရေး၊ ဒဂုန်တာရာဝေဖန်လိုက်သည့် တင်မိုး၏ကဗျာ၊ နဝမ နေဝန်း၊ မရေမရာ ၂၀၁၂ ကမ္ဘာကြီး၊ အဆုံးအဖြတ်ပေးမည့်အပြောင်းအလဲများ၊ စနစ်သစ်ပညာရေး ဗိသုကာ ဒေါက်တာညီညီ၊ နိုင်ငံရေးသိပ္ပံပညာရှင် မင်းဇင် တို့နှင့်တွေ့ဆုံခြင်းများဖြင့် .....

ဖုန်း – ၀၁-၇၁၀ ၁၆၁ ၊ ၀၉ ၅၀၇ ၉၆၇၈။ အမှတ် (၅၀) ထွက်ပြီ

စာပေခရီးသွားများ စာအုပ်အမှတ်– ၁၄

ဒေါ်သက်ပယ် မေတ္တာနွယ်
သကျနွယ်(ရွှေပင်လယ်)

ဖြန့်ချိရေး – စာပေခရီးသွားများ ဖုန်း – ၀၉၅၄၀၃၃၆၉ ၊ ၀၉၅၄၁၅၃၀၉

စာပေခရီးသွားများ လူငယ်စာစဉ်– ၆ ၊ စာအုပ်အမှတ်– ၁၂

ကိုယ်ပိုင်လား အငှားလား ကိုယ်တိုင်တည်ဆောက်ယူမှာလား
ကလောင်စုံ (ဒုတိယတွဲ)

အသစ်စက်စက် ဆောင်းပါး (၂၁) ပုဒ် ပါဝင်သည်။

ဖြန့်ချိရေး – စာပေခရီးသွားများ ဖုန်း – ၀၉၅၄၀၃၃၆၉ ၊ ၀၉၅၄၁၅၃၀၉

Top English အယ်ဒီတာချုပ် ဆရာမိုးမြင့်မောင် ၏

PHONETICS, SPEAKING & GRAMMAR

သင်တန်းများ

၁။ **Ever Top** စာသင်ခန်းမ ☞ ဖေဖော်ဝါရီလ (၅)ရက်စမည်၊ (၆၆/၆၈)၊ D-5၊ အင်းစိန်လမ်း၊ (စံရိပ်ငြိမ်မှတ်တိုင်/ လှည်းတန်းအနီး)

၂။ **Top English** စာသင်ခန်းမ ☞ ဖေဖော်ဝါရီလ (၉)ရက်စမည်၊ အမှတ် (၁၅၄)၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်

Ph:09421000784, 0973080234, 098770096, 0973040610

အင်းယားလိတ်ဟိုတယ်
ဖုန်းနံပါတ်ပြောင်းလဲခြင်း

ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ဖုန်းနံပါတ်များကို အောက်ပါအတိုင်း ပြောင်းလဲတပ်ဆင်သွားပါမည်။

အမှတ်(၃၇)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၆၂၈၆၆၊ ၉၆၆၂၈၅၇-၅၉
ဖက်စ်-၀၁-၉၆၆၅၅၃၇

“ ကုန်အမှတ်တံဆိပ်သတိပေးတားမြစ်ချက် ”

ရန်ကုန်မြို့ ၊ ကျောက်တံတားမြို့နယ်၊ အမှတ်–၇၀၅၊ အိုလံပစ်တာဝါရှိ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် "Zar & Zar ကုမ္ပဏီလီမိတက်"သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင် ဖြစ်ပါသည်။

ZAR & ZAR

မှတ်ပုံတင်စာချုပ်အမှတ်– ၄၂၆၀/၂၀၀၂

အထက်ပါ ကုန်အမှတ်တံဆိပ်ကို အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ ဘယဆေးဝါးအမျိုးမျိုး၊ အလှကုန်အမျိုးမျိုးတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုမ္ပဏီ၏ဆိုင်းဘုတ်၊ ကုမ္ပဏီ၏ Logo အဖြစ် Letter Head နှင့် ရုံးသုံးစာရွက်စာတမ်းများ၊ ကြော်ငြာစာများနှင့် ကုမ္ပဏီ၏လုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်များတွင်လည်းကောင်း အသုံးပြုလျက်ရှိပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်ကို ပိုင်ရှင်၏ခွင့်ပြုချက်မရရှိဘဲ တံဆိပ်တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူရိုးမှားပြုလုပ်ခြင်း၊ ပုံတူကူးချခြင်း၊ ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲခြင်းများ တွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဝင်းမူတင်, M.A., H.G.P., D.B.L., M.A. (Business Law)
စာတိုက်သေတ္တာအမှတ်(၆၀)
အမှတ်–၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌မြန်မာကျပ်ငွေဖြင့်သာခန့်ထားရန်)

Emerald Myanmar
Group of Companies

1. **Site Engineer** (၅) ကျား
B.E(Civil)ဘွဲ့ရ၊ လုပ်သက် (၅)နှစ်အနည်းဆုံးရှိရမည်။
2. **Site Manager** (၃) ကျား
ဘွဲ့ရ၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် (၅)နှစ် အနည်းဆုံးလုပ်သက်ရှိရမည်။
3. **AutoCad Desinger** (၃) ကျား
ဘွဲ့ရ၊ လုပ်သက် (၃)နှစ်၊(2D,3D)ဆွဲနိုင်ရမည်။
4. **Marketing** (၁၀) မ
ဘွဲ့ရ၊ လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။ ရုပ်ရည်ချောမောပြီး ဆက်ဆံရေးပြေပြစ်ရမည်။
5. **Local Tour Guide** (၁၀) မ
ဘွဲ့ရ၊လုပ်သက် (၁)နှစ် အနည်းဆုံးရှိရမည်။ရုပ်ရည်ချောမောပြီး ဆက်ဆံရေး ကောင်းမွန်ရမည်။ခရီးဝေးသွားနိုင်ရမည်။

အလုပ်သမားမှတ်ပုံတင်၊ C.V နှင့်တကွ လျှောက်ထားနိုင်သည်။
အမှတ်(၁၃၁)၊ ရိပ်သာ(၃)လမ်း၊ ဝေဇယန္တာဥယျာဉ်၊ Orange Supermarketနှင့် မျက်နှာချင်းဆိုင်လမ်း၊သင်္ဃန်းကျွန်းမြို့နယ်။

ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ မြေကွက်ကြီးအမှတ်(၇/၄)၊ မြေကွက်အမှတ်(၁၄၉+၁၅၁) ဒေါ်ခင်အေးကြည် အမည်ပေါက် ဂရန်ပျောက်ဆုံးသွားပါသဖြင့် ဂရန်မိတ္တူအသစ် ထပ်မံလျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခင်အေးကြည်[၈/မကန(နိုင်)၀၀၈၁၆၃]

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပြင်ဦးလွင်မြို့၊ ကလပ်လမ်းမ(စန္ဒာလမ်း)ပေါ်ရှိ ရပ်ကွက်ကြီး(၅)၊ (80' x 80' x 80' x 65') ခြံစည်းရိုးခတ်ပြီး။

ရုံးချိန် အတွင်းသာ-
Ph:01-2300566, 0973216700

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း(အလယ်)၊ အမှတ်-၁၇၉၊ ပထမထပ်(ယာ)၊ အခန်းအမှတ်(၁၆)အား ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေများမှ အရောင်းတန်ဖိုး၏ တချို့တစ်ဝက်အား စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။ အထက်ပါအခန်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးစံလှ(စဉ်-၁၇၄၉/၇၉) **ဒေါ်အေးအေးနိုင်(စဉ်-၄၀၆၅/၈၇)**
(တရားလွှတ်တော်ရှေ့နေများ)
အမှတ်-၆၈၊ ဒုတိယထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၆၅၅၉၊ ၀၉၅၄၀၁၂၉၂

ကလေးများ **နွေရာသီ** သင်တန်းများအတွက်
စာရင်းပေးသွင်းနိုင်ပြီ

English/ Computer/ Swimming/ Paint/ Music & Dancing

အသက် (၅)နှစ် မှ (၁၆) ထိ ပထမဦးဆုံးအပ်သော(၂၀)ယောက်အတွက်

20% Discount

March လ (၇)ရက်စမည်။

လက်ဆောင် - တီရှပ်၊ဦးထုပ်၊DVD
(ကျောင်းကား စီစဉ်ပေးသည်)

TECH အမှတ် (၁၁)၊ အောင်မြေသာစည်လမ်း၊ ဆင်ရေတွင်းမှတ်တိုင်အနီး၊ ကမာရွတ်။ Ph: 09 73043681,09 49341594,523579,2304055

“ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ် (၁၈၈၀+၁၈၈၁)၊ ဧရိယာ (၀·၁၁၀)ဧက၊ (၄၈၀၀-စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်တွဲသည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့မြေစာရင်းတွင် ဒေါ်နန်းနု|၁၃/ကမန(နိုင်)၀၅၉၉၈၂|၏ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၆၂၂၅/၂၀၁၁ (၅-၈-၂၀၁၁)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်စန်းလင်း |၈/မမန(နိုင်)၀၀၁၅၇၀|နှင့် ဒေါ်ဥမ္မာမြင့်|၇/ပခန(နိုင်)၁၇၇၈၈၅|တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစံတင် (B.A,H.G.P,R.L) — **တရားလွှတ်တော်ရှေ့နေ(စဉ်–၄၄၉၃)**
ဦးစံလှ(ဟသ်ာတ)(LL.B) — **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၆၁)**
ဒေါ်လှမွန်မွန်မြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၈၆)

တိုက်-၉/၁၁၊ အခန်း(၂၀၂/ဘီ)၊ ဒုတိယထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၄၉၃၃၈၉၃၉ ၊ ၀၉ ၄၂၀၀၈၇၃၈၁ ၊ ၀၉ ၅၀၈၅၂၀၇

''ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း''

ယူနိုက်တက်အမရဘဏ်၏ (၁၃) ဘဏ်မြောက် ဘဏ်ခွဲ ဖြစ်သော ပြည်ဘဏ်ခွဲကို (၄-၂-၂၀၁၃)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာတိုင် လုပ်ငန်းများပိုမိုတိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Venus Design & Decoration Group

ကြော်ငြာမထည့်ဖြစ်တာက ဟောစာတမ်းတွေအတွက် ရက်ချိန်းမပေးနိုင်သေးလို့ပါ။

အခုတော့ သင့် အပ်နှံမှုကိုကြိုဆိုနေသည့်

ဖူးမေးမေဒင်

၂၃/၅လွှာ-တာမွေဈေးဟောင်းလမ်း၊တာမွေ၊ရန်ကုန်။

ဆရာမဒေါ်စုစုလှိုင်(ဝေဒ) 09.73145713 09.43114895

အကွာအဝေးတိုက်စရာမလို ဝဏ္ဏန်း ၂လုံးတွဲ ၅သောင်း၊ သုံးလုံးတွဲ ၁သိန်း၊ လေးလုံးတွဲ ၂ သိန်း၊ ငါးလုံးတွဲ ၃ သိန်း၊ ခြောက်လုံးတွဲ သိန်း ၄၂၁ မှ သိန်း ၁၅၀၀ ထိ အလွယ်တကူပေါက်စေမည့်

ထီဘုရင်မြတ်ဆွေဦး၏အသင့်တွက်ပြီး

မဂ်လာစုံတွဲ(၅)တွဲပါ လက်ဆောင်ထီ ၇၅၀၀/- ကျပ်

မဂ်လာစုံတွဲ(၁၀)တွဲပါ လက်ဆောင်ထီ ၁၃၀၀၀/- ကျပ်

နယ်မှထီထိုးလိုလျှင် ဖုန်းဖြင့်ကြိုတင်မှာထားပါ။

ဃ/၂၀၉၊ ဒေဝါသီလမ်းမ (ဝေပုလ္လ)အနီး။ မ/ဥက္ကလာ၊ ရန်ကုန်။

☎ - 01-691492 📱 - 09-5010196

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၂-၂၀၁၂ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(ခ) ကန့်ကွက်ရန်ကြော်ငြာ၌ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ်(၂၄၁၃)၊ အမည်ပေါက် ဒေါ်ခင်အေးသီ အစား ဒေါ်ခင်အေးအေးသီဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆/အိုင်)၊ မြေကွက်အမှတ်(၁၁၂အေ/၂၁)၊ဧရိယာ(၀.၂၉၈)ဧကအကျယ်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အမှတ်(၂၂/က)၊ ကမ္ဘာ့ဧရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင်၊ ယင်းတို့နှင့်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဗိုလ်မှူးကြီးသိန်းမောင်(အာရ်ဂျီအန်-၀၀၀၀၈၅) အမည်ဖြင့်တည်ရှိပြီး၊ ဗိုလ်မှူးကြီးသိန်းမောင်ထံမှသားသမီးများဖြစ်ကြသော (၁)ဦးဇော်ဝင်း၊ (၂)ဒေါက်တာမယု၊ (၃)ဒေါက်တာသန်းသန်းနွယ်၊ (၄)ဒေါက်တာသီတာ(ခ)သီတာသိန်းမောင် နှင့် (၅)ဦးမျိုးဝင်းတို့(၅)ဦးမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်(၆၁၆/၁၉၈၇) ဖြင့် ပိုင်ဆိုင်လာခဲ့ကြပါသည်။ သားသမီး(၅)ဦးအနက် ယခုအခါ ဦးဇော်ဝင်းနှင့် ဒေါက်တာသန်းသန်းနွယ်တို့မှ ကျန်မောင်နှမများဖြစ်သည့် ဒေါက်တာမယု၊ ဒေါက်တာသီတာ(ခ)သီတာသိန်းမောင်နှင့် ဦးမျိုးဝင်းတို့အား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အမှတ်(၄၀၉/၂၀၁၃)ဖြင့် အပြီးအပိုင်စွန့်လွှတ်ထားပြီး၊ အထက်အမည်ပါ ဒေါက်တာမယု၊ ဒေါက်တာသီတာ(ခ)သီတာသိန်းမောင်နှင့် ဦးမျိုးဝင်းတို့က ပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး(၇)ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထိန်လင်းဦး *LL.B* တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၆၁)
အမှတ်(၅၆၇)၊ အခန်း(၃၀၄)၊ ကုန်သည်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၆၃၁၈၊ ၀၉ ၇၃၁၀၃၇၈၉။

Money Changer လုပ်ငန်းဆောင်ရွက်လိုသူများအတွက် ပြည်တွင်းဘဏ်လုပ်ငန်းနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းများ၏

Banking Program

များကို တာဝန်ယူဆောင်ရွက်ပေးနေသည့်
Ability Software Services Co.,Ltd.မှ
ထုတ်လုပ်ဖြန့်ချိပေးနေသော

Money Changer Management Software

မိမိ၏ Money Changer လုပ်ငန်းကို ဘဏ်တစ်ခုတွင် Currency များစနစ်တကျ ထိန်းသိမ်းသကဲ့သို့ ထိန်းသိမ်းစီမံ ကွပ်ကဲနိုင်မည်ဖြစ်ပြီး အရှုံးအမြတ် ၊ လက်ကျန်ရှင်းတမ်း တို့ ပါဝင်သောကြောင့် ဘဏ်လုပ်ငန်းအတွေ့အကြုံရှိ ငွေကြေးဆိုင်ရာ နှင့် စာရင်းဆိုင်ရာ အရာရှိများ တာဝန်ယူဆောင်ရွက်ပေးနေသကဲ့သို့ မိမိလုပ်ငန်းကို စီမံခန့်ခွဲနိုင်မည့်စနစ်ဖြစ်ပါသည်။

●အသေးစိတ်သိရှိနိုင်ရန်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။●

Ability Software Services Co.,Ltd.
အမှတ်၈၉(၄လွှာ)၊အနော်ရထာလမ်း(ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ်။ ဖုန်း။ ၀၁-၃၈၈၈၀၈ ၊ ၀၉-၅၀၇၂၃၆၆

ကိုရီးယားဘာသာသင်တန်းကျောင်း

ဆရာမဒေါ်နေခြည်လင်းလင်းအောင်

B.A (KOREAN) Y.U.F.L မှ E.P.S. TOPIK

သင်ရိုးအသစ်စာအုပ်နှင့်အတူ ဖေဖော်ဝါရီ ၉ရက်တွင် စတင်သင်ကြားမည်။ ကျောင်းသားဟောင်း၊ ကျောင်းသားသစ်များ တက်ရောက်နိုင်ပါသည်။

အမှတ်(၅၃)၊ မြေညီ၊ ခြေရင်း၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဖုန်း-၀၉-၇၃၁၁၂၉၄၇၊၀၉-၇၃၂၁၃၇၉၀၊၀၉-၄၂၁၀၄၉၈၃၅

SEVEN UNITED Travel & Tours

အမှတ်၊၆၆/၁၊၃လွှာ၊ကမ်းနားလမ်း၊(ဇော်လီကွေ့)
အလုံမြို့နယ်၊ရန်ကုန်မြို့၊

ကိုရီးယား

Apr 10

16 သိန်း

ဝန်ကောက် ● အယုဒ္ဓယ ● ပတ္တရား
Feb 9/23 - Mar 23
4.9 သိန်း

စင်ကာပူ ● မလေးရှား
Feb 9 / Mar 23
9.8 သိန်း

Shopping ထွက်ရင်း Bangkok ဆေးရုံကြီးတွင် (Medical Checkup) ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်း အထူးဝန်ဆောင်မှု အပါအဝင်•••

ရန်ကုန် - ၀၉ ၄၂၁၇၄၂၈၈၈ ၊ ၀၉ ၄၂၁၇၄၂၇၇၇ (Hot Line)
မန္တလေး - ၀၉ ၄၃၀၁၁၇၀၅ ၊ ၀၉ ၂၀၀၀၆၅၂

Asiana Tours

"သကြၤန်အလည်အပတ်ခရီးစဉ်များ"

ကိုရီးယား - ဆိုးလ်၊ ဂျေဂျူး၊ ပူဆန်၊ ချောင်ဂျူး
(ဧပြီ ၁၂ မှ ၁၉ ရက်)

တရုတ်ပြည် - ပီကင်း၊ ရှန်ဟဲ၊ ကူမင်း
(ဧပြီ ၁၃ မှ ၂၀ ရက်)

လိပ်စာ - အခန်း(၀၄)၊ လပြည့်ဝန်းပလာဇာ၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း၊ ၃၇၁၃၁၈၂၊ ၃၉၃၂၀၅၊ ၃၇၁၉၄၁

ဒေါ်တင်လှိုင် B.A (Eng) ဦးစီးသော

SUPER-A-ONE အင်္ဂလိပ်စကားပြော

Interview (၁)ပတ်၊နိုင်ငံခြားသွား(၁)လအခြေခံအဆင့်မြင့်(၁)လ
Tourism,Hotel,Company,StudentVisa,Grammar

ကလေးများအင်္ဂလိပ်စကားပြောအထူးသီးသန့်

တိုက်(၁)၊အခန်း(၂၂)၊ပ-ထပ်၊လှည်းတန်းမီးပွိုင့်အနီး၊ ☎ 511231

ဖွဲ့စည်းပုံအခြေခံဥပဒေကို

ဘယ်လိုပြင်ကြမှာလဲ

မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)

ထွက်ပြီ

ဖြန့်ချိရေး
- "ရွှေဟသ်ာစာပေ" ၂၆၃ (ပ-ထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၇၀၉၁၉၁
- "Laurel Law Firm" ၁၂၈ (ပ-ထပ်)၊ ၄၁-လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်။ ဖုန်း-၂၄၅၅၇၈၄ ၊ ၀၉ ၄၄၈၀၀ ၅၄၁၀

အမှာစာများပေးပို့နိုင်ပါပြီ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

မအိမ့်ကေခိုင်ဇင်	နှင့်	မောင်သက်ပိုင်
တရားလို		**တရားပြိုင်**

အထက်ဖော်ပြပါ တရားပြိုင်မောင်သက်ပိုင် အမှတ်-၆၆၊(၈)လွှာ(ဝဲ)၊ ၁၂လမ်း၊ (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)အားသိစေရမည်။

သင့်အပေါ်၌ တရားလိုမအိမ့်ကေခိုင်ဇင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်(၁၃၇၄ခုနှစ်၊ တပို့တွဲလဆန်း၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝီလ်မာထွန်းခင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

တပ်မတော်ကလေးများကျောင်း၊ မင်္ဂလာဒုံ(ယခုအထက-၁၊ အထက-၅)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၆၄)နှစ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

ယခင်တပ်မတော်ကလေးများ ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၁၀-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - မြရောခန်းမ(အထက-၁)မင်္ဂလာဒုံ၊ ဝါယာလက်

အလှူငွေများကို ဦးအောင်ရွှေ-ဒေါ်မြင့်မေ ၆၂၀၅၅၁၊ ဦးမြသိန်း ၀၉-၅၁၃၅၂၀၅၊ ဦးထွန်းကြိုင် ၀၉-၅၁၆၃၀၄၂၊ ဦးမောင်မောင်ကြီး ၀၉-၈၅၈၆၄၅၇၊ ဦးလှရှိန် ၀၉-၄၉၅၇၇၁၉၉၊ ဦးအေးကို ၀၉-၇၃၁၄၉၀၉၇၊ ဦးဘဲလား ၀၉-၄၉၂၃၅၄၆၄ တို့ထံ လှူဒါန်းနိုင်ပါသည်။

သားလှရတနာကျေးဇူးတင်လွှာ

ဖေဖေ ဦးတိုးကျော်သူ(ဒု-ဦးစီးမှူး၊ ထွေ/အုပ်၊ မိုးကောင်း)-မေမေ ဒေါ်ကျိန်ငိုက်လျန်း[ဓာတ်ခွဲမှူး(ပ)တမူးဆေးရုံ]တို့၏ ဒုတိယမြောက်ရင်သွေး(သားရတနာ)ကို ၁-၂-၂၀၁၃ရက် နံနက်ပိုင်းတွင် ကလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးပါသော ဒေါက်တာဒေါ်ငွေငွေကြူ (OG)၊ ဒေါက်တာအောင်ခိုင်ထွန်း(မေ့ဆေး)၊ ဒေါက်တာမိုမိုအောင်(ကလေးအထူးကု)နှင့် ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

ဘွားဘွားဒေါ်ဆိုင်းခေါန်၊ ဘိုးဘိုး၊ ဘွားဘွားများ၊ ဦးလေး၊ အဒေါ်များ၊ အစ်ကို၊ အစ်မများ

ပျောက်ဆုံး
ကျွန်တော် မောင်ဇော်မျိုးထက်၏ Passport နံပါတ် ၉၁၃၅၁၄သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၁-၅၁၁၉၃၇

CNG TAXI ရောင်းမည်
TOYOTA CALDINA
စက်ရုပ်(အဖြူ)
၂၀၀၃ Model/ KM 40000 ကျော်
ဖုန်း-၀၉-၅၁၄၂၁၈၆

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
SUZUKI SWIFT (2007)
၄C/၅-- Km 60000 ကျော်
CD-ONLY 09-5142186

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းအသီးသီးတွင် အသုံးပြုလျက်ရှိသည့် ယာဉ်၊ ယန္တရားများအတွက် တာယာ၊ ဘက်ထရီ၊ ချောဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၁-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

ES4E SUMMER SCHOOL

(March to May 2013)

Enrol Now!

☎ 662970, 663820, 662937
51, Kaba Aye Pagoda Road, Yankin Tsp.

STT SPECIAL TRIP TRAVEL & TOUR CO.,LTD
အာရှဒေသ၏ နာမည်ကျော်အပျိုစင်ကမ်းခြေ ငပလီ မဟာသင်္ကြန်ပွဲတော်

April 13 - April 16 / Flight (2 Ways), ကြယ်ငါးပွင့်အဆင့်ရှိ Hotel (3 Nights)

တောင်ကြီး ခရီးစဉ် (၄ ည ၅ ရက်) March 23/April - 13
ပုဂံ - ရွှေစက်တော် ခရီးစဉ် (၄ ည ၅ ရက်) March 22/April - 12
မန္တလေး - အလောင်းတော် ကဿပ ခရီးစဉ် (၅ ည ၆ ရက်) Mrach 22/April - 12
ချောင်းသာ / ငွေဆောင် / ကျိုက်ထီးရိုး (၂ ည ၃ ရက်) DAILY (နေ့စဉ်)
ကျိုင်းတုံ - တာချီလိတ် - မယ်ဆိုင် - ရွှေတြိဂံ - ချင်းရိုင်း (Chang Rai) FLIGHT TRIP

CAR RENTAL SERVICES

No. 482,1F, LMD/ 01-210656, 0973255094, 095197380, 095081091

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သောအိမ်ရာများနှင့်ဌာနမှ ယာယီမြေရှင်အဖြစ် ဆောင်ရွက်ခဲ့သောတိုက်ခန်းအား မူလနေထိုင်သူ ကန်ထရိုက်တာထံမှတစ်ဆင့်ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်နှင့် နေထိုင်သူများလိုက်နာရမည့် စည်းကမ်းချက်စာချုပ်ပျောက်ဆုံးတင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးတင်မောင်ဝင်း CL-၀၃ [၁၂/လမတ(နိုင်)၀၁၅၉၅၄](မှ)	ဒေါ်ခင်သိန်းဝင်း [၁၂/ကတတ(နိုင်)၀၁၄၃၆၆]	အမှတ်(၁၁၇/၁၁၉)၊ အခန်း(၁၄)၊(၄၆)လမ်း၊ ဗိုလ်တထောင်
၂။	ဦးအောင်ထွန်း(ခ)လင်လျောင်ဟန် [၁၂/လသန(နိုင်)၀၀၇၂၉၀](မှ)	ဒေါ်အေးအေးရီ [၁၂/လသန(နိုင်)၀၀၄၄၃၅]	အမှတ်(၈၇/၉၁)၊ အခန်း(၆)၊(ပ)ထပ်၊ (၁၉)လမ်း၊ လသာမြို့နယ်
၃။	ဦးဝင်းမျိုးမြင့် (BHN-၀၀၅၀၀၈) (မှ) ဒေါ်ခင်သန်းမြင့် [၁၂/ရကန(နိုင်)၀၂၅၉၉၇] (မှ)	ဒေါ်အဏ္ဏဝါလင်းဦး [၁၂/ကမရ(နိုင်)၀၁၄၆၅၅]	တိုက်(၁၈)၊ အခန်း(၁၁)၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်မြို့နယ်
၄။	ဒေါ်စန္ဒာ [၁၂/လသန(နိုင်)၀၁၈၁၉၈] (မှ)	ဒေါ်ခင်လှ [၁၂/လမတ(နိုင်)၀၁၈၂၄၄]	အမှတ်(၈၇/၉၁)၊ အခန်း(၇)၊(ပ)ထပ်၊ (၁၉)လမ်း၊ လသာမြို့နယ်
၅။	ဦးမင်းနိုင် [၉/မကန(နိုင်)၀၀၃၃၆၈] (မှ)		အမှတ်(၁၆၄)၊ အခန်း(၁၂)၊(၃၃)လမ်း၊ ကျောက်တံတားမြို့နယ်
၆။	ဦးအေးမြင့် [၁၂/ပဘတ(နိုင်)၀၂၉၀၃၈] (မှ) ဦးစန်းမောင် LC-၁၁၃ [၁၂/ပဇတ(နိုင်)၀၁၂၅၉၄] (မှ) ဒေါ်စောငွေ [၁၂/ပဘတ(နိုင်)၀၀၃၆၃၇] (မှ)	ဦးကျော်ကျော်မိုး [၁၂/ကတတ(နိုင်)၀၀၄၆၁၄] ဦးမိုဟာမက်အာဇင်း(မ်) [၁၂/ပဘတ(နိုင်)၀၁၃၇၂၉]	အမှတ်(၆၃)၊ (၅)လွှာ(ဝဲ) ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်
၇။	ဒေါ်တင်မြင့် (CF- ၀၆၂၂၀၇) (မှ)	ဦးမောင်မောင်စိန် [၁၂/ကတတ(နိုင်)၀၁၆၆၁၉]	အမှတ်(၁၆၉)၊ မြေညီ(ယာ)၊(၃၇)လမ်း၊ ကျောက်တံတား
၈။	ဒေါ်ခင်စောဥမ္မာ (RGN -၀၀၀၀၂၃) (မှ)	ဦးမောင်မောင်စိန် [၁၂/ကတတ(နိုင်)၀၁၆၆၁၉]	အမှတ်(၁၆၉)၊ မြေညီ(ဝဲ)၊(၃၇)လမ်း၊ ကျောက်တံတား
၉။	ကန်ထရိုက်တာဦးစိန်ဝင်း (LPA -၀၁၁၈၈၆) (မှ) ဒေါ်မြင့်မြင့်သန်း [၇/တငန(နိုင်)၁၀၂၃၄၈] (မှ)	ဦးကီဆိုကူးမား [၁၂/ရကန(နိုင်)၀၅၅၉၂၀]	အမှတ်(၁၃၁/၁၃၅)၊ ၅လွှာ၊(ဝဲ)စွန်၊ (၂၆)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကားခ်ီးလုံးငှားသည်
ဘုရားဖူးပွဲသွားသွား..အပျော်ခရီးပဲထွက်ထွက်..CRANE
518474,095094914

စောသစ္စာဦး
အိမ်မက်ရှင်သခင်မ
လုံးချင်းဝတ္ထုအသစ်
ပန်းရွက်ဝေစာပေမှဖြန့်ချိလိုက်ပြီ။

အမည်ပြောင်း
အထက-၂ လသာတွင် ပညာသင်ကြားနေသော ဒုတိယတန်း(D) မှ အဖ ဦးကိုကိုနိုင်၏ သမီးဖြစ်သူ မဆောင်းပျိုမဒီအား မဆောင်းမဟေသီဟုပြောင်းလဲခေါ်ဆိုပါရန်။
မဆောင်းမဟေသီ

ပြင်ဆင်ဖတ်ရှုပါရန်
၄-၁၁-၂၀၁၂ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(ဃ)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာဒေါ်ကြည်ကြည်စိန်၏ ဂရန်သစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အစား ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

စာရေးဆရာဆန်းပြောင်းပြန် ကျမ်းပြုပညာရှင်
ဆရာ အဏ္ဏဝါအောင်မြင့်မော်ရေးသားပြုစုသော ထူးခြားဆန်းပြားမဟာဘုတ်ဗေဒင် ကျမ်းစာအုပ်များကို ရန်ကုန်မြို့တွင်း စာအုပ်ဆိုင်ကြီးများတွင် ရောင်းချပေးနေပါပြီ။ သင်တန်းသူ၊ သင်တန်းသားခေါ်ယူခြင်း၊ သင်တန်းသား (၅)ဦးသာလက်ခံပါသည်။
ဖုန်း- ၀၉-၄၂၀၃၁၂၃၂၀၊ ၀၉-၇၃၀၁၀၅၈၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ငမိုးရိပ်၊ မြေကွက်အမှတ်-၆၀၉၊ မြေကွက်တည်နေရာအမှတ်-၆၀၉၊ ၃လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးချစ်တင်၊ ဦးတင်ဦး အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူ ဦးချစ်တင်[၁၂/သဃက(နိုင်)၀၁၇၅၂၈]ကွယ်လွန်သဖြင့်ဒေါ်တင်လှ[၁၂/ဒဂန(နိုင်)၀၁၄၇၅၄] မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထောက်ခံကျမ်းကျိန်လွှာများတင်ပြ၍ ပူးတွဲမြေအမည်ပေါက်ဦးတင်ဦး[၁၂/သဃက(နိုင်)၀၉၃၅၀၈]နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

UPT ဦးဖေသိန်း
B. Sc. Engg. Electrical

* UPT Law Firm တည်ထောင်ထားသူ
* လျှပ်စစ်နှင့်အီလက်ထရွန်နစ်လုပ်ငန်းရှင်
* လျှပ်စစ်ပညာကျမ်းပြုဆရာကြီး
* ကိုယ်တိုင်ကျွမ်းကျင်သည့်ပညာရှင်
* တိုင်းတစ်ပါးသားများကိုအားကိုးခြင်းမရှိပါ

အိမ်ရာ/ ရပ်ကွက်/ စက်ရုံသုံး 11 KV, 33 KV ထရန်(စ)ဖော်မာကြီးများ တပ်ဆင်လိုသူတို့ဆက်သွယ်ပါ လျှောက်လွှာတင်သည်မှ မီးလွှတ်သည်အထိ အစအဆုံးဆောင်ရွက်ပေးနေပါသည်။ ကုန်ကျစရိတ်အလွန်သက်သာကြောင်းအံ့သြစွာတွေ့ရပါလိမ့်မည်။ Ph. 01-561868, 01-577404

ဦးဖေသိန်းလျှပ်စစ်နှင့်အီလက်ထရွန်နစ်၊ ၁၉၂-သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၁ ၅ သင်း - အမြန်ပျောက်စေသည့်သောက်ဆေး / ရောင်ခြည်နှင့်အထူးကုသည်။
ဆီးချို/ဆီးကြိတ်ရောင် - အထူးသောက်ဆေးလပိုင်းနှင့်အပြီးကုသည်။
ခုခံအားကျ တီဘီ၊ ရုတ်ရှည်များ - အမြန်သက်သာပျောက်ကင်းအောင်ကုသည်။
ရေရှည်း၊[ဘီ]၊[စီ]အသဲရောဂါ - ရက်ပိုင်းအတွင်းပျောက်ကင်းအောင်ကုပေးသည်။
(ဖုန်းဆက်မှာယူ၍အိမ်/နယ်အရောက် ဆေးပို့ပေးသည်)
ဇမ္ဗူရသုခဆေးခန်း (ပေပုလ္လနှင့်ပေမါဝီလမ်းဆုံမှတ်တိုင်ကြား)
ဃ/၂၀၉၊ သောသိလမ်း၊ မ/ဥက္ကလာ၊ ရန်ကုန်။
☎- ၀၁-၆၉၁၄၉၂၊ 📱 ၀၉-၅၀၁၀၀၁၉၆

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော လှိုင်မြို့နယ်အတွင်းရှိ တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ချင်ဖွန်ဟာ (HLG-၀၀၂၂၇)	ဒေါ်ဥမ္မာအေး [၁၂/လမန(နိုင်)၁၁၄၂၁၄]	တိုက်(၁၄)၊ အခန်း(၁၅)၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

Sweety® အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြုထုတ်လုပ်နေသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၄၈)ရှိ **GOLD YACHT CO.,LTD.**သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆဲဥပဒေနှင့်အညီ တရားဝင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြုလုပ်ပြီး ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ အမျိုးသမီးအဝတ်အထည်များဖြစ်သော ဇာဘော်လီ၊ ဘရာဇီယာ၊ အတွင်းခံဘောင်းဘီ၊ အတွင်းခံစကပ်၊ ရှင်မီးအမျိုးမျိုးနှင့် အမျိုးသမီးလစဉ်သုံးပစ္စည်းတို့ကို ထုတ်လုပ်ပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် လူသိရှင်ကြား တရားဝင်ဖြန့်ချိရောင်းချလျက် သုံးစွဲသူများအကြား နိုင်ငံတကာ အရည်အသွေးအဆင့်မီပါသဖြင့် ဈေးကွက်တွင်နာမည်ကောင်းခြင်း၊ ကျော်စောခြင်းများ ရရှိပြီးဖြစ်ပါသည်။

၄/၆၉၁၃/၂၀၀၅
၄/၇၉၈၅/၂၀၁၀
၄/၆၇၇၄/၂၀၁၂
၄/၂၈၅၄/၂၀၁၀

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ကျွန်ုပ်၏မိတ်ဆွေGOLD YACHT Co.Ltdမှ အထက်ပါကုန်ပစ္စည်းများကို အစဉ်တစိုက် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ **GOLD YACHT CO.,LTD.**၏တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါ Sweety ကုန်အမှတ်တံဆိပ်များကို **GOLD YACHT CO.,LTD.** မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ ကုန်အမှတ်တံဆိပ်ပေါ်တွင်ရှိသော ဒီဇိုင်းများအား ပုံတူကူးယူ၍ အရည်အသွေးမမီသော၊ ညံ့ဖျင်းသောပစ္စည်းများအား မှာယူတင်သွင်းရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ ဒီဇိုင်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်၍ဖြစ်စေ၊ Sweety ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှုကို အခွင့်ကောင်းယူ၍ အခြားပုံစံတူပစ္စည်းများနှင့် ရောနှောရောင်းချခြင်းများ၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက **GOLD YACHT CO.,LTD.** ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သန်း
LL.B,D.M.A,D.B.L,D.M.L,D.A(Psy)
WIPO,D.L.P(Switzerland)
Diploma in International Law
High Court Advocate & Legal Advisor

ရုံးခန်း - အမှတ်(၆၂)၊ အခန်း(၁၇)၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
နေအိမ် - အမှတ်(၄၀)၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃

အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ စက္ခုဒါနမျက်စိအခမဲ့ကုသပေးရေးအစီအစဉ်

သာကေတမြို့၊ အောင်စကြာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၏ ပဓာနနာယက ပြည်တွင်းပြည်ပသာသနာပြုဓမ္မကထိက ဘဒ္ဒန္တစန္ဒသိရီ (ဓမ္မကထိကဗဟုဇနဟိတဓရ) နှင့် Fo Guang Shan (Taiwan) ဆရာတော် Ven Hsin Ting တို့၏ ဦးဆောင်မှုဖြင့် ပြည်တွင်းပြည်ပအလှူရှင်များပူးပေါင်းဆောင်ရွက်သော အောင်စကြာ ပရမေတ္တာဖောင်ဒေးရှင်း၏စက္ခုဒါန (မျက်စိအခမဲ့ကုသပေးရေး) အစီအစဉ်မှ မျက်စိဝေဒနာရှင်များအား လူမျိုးဘာသာမရွေးအဆင့်အတန်းမရွေး အခမဲ့ ကုသလျက်ရှိပါသည်။ အောင်စကြာပရမေတ္တာ (မျက်စိအခမဲ့ကုသရေးဆေးရုံ) ဖွင့်လှစ်နိုင်ရန်လည်း စီမံလျက်ရှိပါသည်။ ကုသိုလ်ရှင်များအနေဖြင့် လှူဒါန်းလိုပါက အောင်စကြာဆရာတော် ဖုန်း-၅၄၇၀၂၈ (သို့) ၀၉ ၅၁ ၄၇၃၈၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြပါ သည်။

``စက္ခုဒါန အလင်းဓာတ်လှူဒါန်းရေးကုသိုလ်ရှင်များ``

၁၈။	စက္ခုဒါနဓမ္မသဘင်၊ တောင်ဒဂုံ	၃၈၈၅၀၀
၁၉။	ကွယ်လွန်သူများ(ရည်) ဒေါ်လှရွှေမိသားစု၊ တောင်ကြီး	၁၅၀၀၀၀
၂၀။	ဦးကျော်အေး+ဒေါ်ချိုချို (ရည်)၊ မအေးအေးမော်၊ မခင်သန်းမြင့် ရွှေသပြေအိမ်ရာ၊ သာကေတ	၁၀၀၀၀၀
၂၁။	မဝါဝါထွေး မိသားစု ခေတ္တဂျပန်	၁၀၀၀၀၀
၂၂။	ဒေါ်စန်းရီ၊ ဒေါ်သန်းအေး မဟာဗန္ဓုလသန်းထိ၊ လမ်းမတော်	၁၀၀၀၀၀
၂၃။	ဦးတင်မောင်ညွန့် (ရွှေရတုမွေးနေ့) ၂-မြောက်၊ သာကေတ	၁၀၀၀၀၀
၂၄။	ဒေါက်တာကျော်သူရ+ဒေါ်ခင်ဦးမေ ၇-လမ်း၊ လမ်းမတော်	၁၀၀၀၀၀
၂၅။	မောင်ညာဏ်လင်းနိုင် (မွေးနေ့အလှူ)၊ ပုဇွန်တောင်	၁၀၀၀၀၀
